ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
ပဉ္စမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)
[ဗုဒ္ဓဟူးနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးမြည်မ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၁။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၆၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၂။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၃။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစီအစဉ်(၄) ခွင့်ပန်ကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ တစ်ဦးချင်းကို ဆောင်ရွက်ရင် အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဇယားနဲ့ ဖတ်ပြပြီး ခွင့်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်ရေးကိုယ်တာရှိပါသဖြင့်၊ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့်၊ ဦးစောအေးမြင့်၊ ကရင်(၈)၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ နေမကောင်းပါသဖြင့်၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူရန်၊ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ဒီကနေ့ နံနက်ပိုင်း ကုလသမဂ္ဂ အထိမ်းအမှတ် အခမ်းအနား တက်ရောက်ရန်၊ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ နားကိုက်နေပါ သဖြင့်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ခြေထောက်နာနေပါသဖြင့်၊ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကျန်းမာရေး မကောင်းပါသဖြင့်၊ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ရှိပါ၍ ဖြစ်ကြပါတယ်။

ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၇။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(၈)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၀၉။

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ကြယ်ပွင့်ပြထားတဲ့ အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်း၊ ဖြေကြားခြင်း ဖြစ်ပါတယ်။

ပြည်ပမီဒီယာများက မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ထိခိုက်အောင်၊ သိက္ခာကျအောင် အသရေဖျက် ပြောဆိုလာလျှင် မည်သည့် ပုဒ်မနှင့် အရေးယူမည်ကို သိရှိလိုကြောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သော သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့ကို ဖျက်သိမ်းခြင်း ရှိ/မရှိ နှင့် နေ့စဉ်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ယခင် ပါလီမန် ဒီမိုကရေစီခေတ်ကကဲ့သို့ တိုက်ပွဲသတင်းမှအစ မခြွင်းမချန် ထည့်သွင်းထုတ်ပြန်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၀။

ဒုတိယဥက္ကဋ္ဌ။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ပြည်ပမီဒီယာများက မြန်မာနိုင်ငံအတွင်းရှိ ပြည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ထိခိုက်အောင်၊ သိက္ခာကျအောင် အသရေဖျက် ပြောဆိုလာလျှင် မည်သည့် ပုဒ်မနှင့် အရေးယူမည်ကို သိရှိလိုကြောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဆောင်သော သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့ကို ဖျက်သိမ်းခြင်း ရှိ/မရှိ နှင့် နေ့စဉ်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ယခင် ပါလီမန်ဒီမိုကရေစီခေတ်ကကဲ့သို့ တိုက်ပွဲသတင်းမှအစ မခြွင်းမချန် ထည့်သွင်းထုတ်ပြန်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းဖို့ ဖြစ်ပါတယ်။

မေးခွန်းများနှင့် ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ပဲ ဖြစ်ပါတယ်။

ဦးလှဆွေ မေးမြန်းနိုင်ပါပြီ။

အချိန်၊ ၁၀း၁၁။

ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းတွေကို ၂၅ ရက်နေ့ (၇)လ က မေးမြန်းခဲ့တာဖြစ်ပြီးတော့ အဲဒီအချိန်က ပြည်ထောင်စုဝန်ကြီးက အပြောင်းအရွှေ့ ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော့်မေးခွန်းတွေ ဖြေမသွားပါဘူး။ ဒါကြောင့် အခုအချိန်ကျမှ မေးမြန်းခွင့်ရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ပထမမေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းရမယ်ဆိုလို့ရှိရင် ပြည်ပမီဒီယာများမှ မြန်မာနိုင်ငံအတွင်းက ပြည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖြစ်စေ ထိခိုက်အောင်၊ သိက္ခာကျအောင် အသရေဖျက် ပြောဆိုလာလျှင် ဘယ်ပုဒ်မနဲ့ အရေးယူမလဲလို့ အဲဒါသိချင်လို့ ကျွန်တော့်အနေနဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရမီဒီယာတွေကလည်း အရင်တုန်းကတော့ ဒါ လေလှိုင်းကြားက အဖျက်သမားဆိုပြီးတော့ သတိထားစသဖြင့် ကျွန်တော်တို့လည်း ပြောခဲ့ပါတယ်။ သို့သော် အခုအချိန်မှာ အစိုးရသစ်လက်ထက်မှာ ကျွန်တော် တို့ဟာ အားလုံးပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေပြီ။ မည်သူ့ကိုမှလည်း ရန်သူလို သဘော မထားဘူး။ မိတ်ဆွေလို သဘောထားပြီး လက်တွဲပြီးတော့ ဆောင်ရွက်နေကြတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့ဝင် အကြီးအကဲတွေ၊ ဝန်ကြီးတွေ နိုင်ငံခြားကို သွားရင်လည်း ပြည်ပက မီဒီယာတွေနဲ့ လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့်လင်းလင်း မေးတာကို အကုန်ဖြေတယ်။ ဒီနိုင်ငံကို သူတို့ လာတဲ့အခါမှာလဲ သူတို့နိုင်ငံက အကြီးအကဲတွေ၊ ဝန်ကြီးတွေ၊ တွေ့ချင်တဲ့ သူတွေက သူတို့မေးသမျှကို ပြေပြေလည်လည် ဖြေကြားနေသော်လည်းပဲ၊ ကျွန်တော်တို့ဘက်က အများကြီး အကုန်လုံးနီးပါး ပြောင်းလဲနေပြီ ဖြစ်သော်လည်း သူတို့ဘက်က ပြောင်းလဲလာတာကို မတွေ့ရသေးပါဘူး။ ဥပမာအားဖြင့် လမ်းဆုံက ဂျမ်းပုံ တို့၊ လှည်းတန်းဈေးသူ မသဲအူ တို့ စသည့် အ, မနာပ ပြောနေတာတွေ ဒီနေ့အထိ ကြားနေရတုန်းရှိပါသေးတယ်။

အဲဒီတော့ မြန်မာပြည်က လူတွေမှ ပြောနေတာ ဟုတ်ရဲ့လား။ ဒီလောက်အထိအောင် ကျွန်တော်တို့ကို နှိပ်ကွပ်နေတဲ့ သဘောမျိုး ပြောနေတဲ့အခါကျတော့ ကျွန်တော်တို့က ဟာ... ဒီလိုဆိုရင်တော့ သူတို့က နိုင်ငံခြားမှာနေလို့ ပြောခွင့်ရှိသလား။ ကျွန်တော်တို့ကို ပုတ်ခတ်ချင်တိုင်း ပုတ်ခတ်လို့ ရသလား။ ဥပမာ - မိုးမိတ်မြို့ကို ဗ.က.ပ တွေ သိမ်းလိုက်ပြီ ဆိုပြီးတော့ မဟုတ်ဘဲနဲ့ လျှောက်ပြောတာမျိုးတွေ၊ ဆန္ဒပြတဲ့ကျောင်းသူကို လုံထိန်းက မုဒိမ်းကျင့်တယ်ဆိုတာ မျိုးတွေ၊ စစ်မှုထမ်းဟောင်း ညီလာခံတစ်ခုမှာ မိန့်ခွန်းပြောသူကို ဒါ ပြည်ပရေဒီယိုတစ်ခုကနေ စစ်အစိုးရရဲ့ အရိုးကိုက်ခွင့် ရနေတဲ့သူဆိုပြီး ပုတ်ခတ်တာတွေ၊ ဒီလိုတွေ ပြောလာရင် ကျွန်တော်တို့က ဘယ်လို သူတို့ကို အရေးယူလို့ ရသတုန်း၊ တရားစွဲလို့ ရသတုန်း။ အဲဒါမျိုး ကျွန်တော့် အနေနဲ့ ပြည်သူလူထု အချို့အပြောခံရတဲ့ ပုဂ္ဂိုလ်များက မခံချိမခံသာဖြစ်တဲ့အခါမှာ ဘယ်လိုများ သူတို့ကို ပြန်လည်ပြီးတော့ အရေးယူလို့ရလဲဆိုတာ သိချင်တဲ့အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ကတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ပြန်ကြားရေးဝန်ကြီး ဦးဆောင်သော သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့ဆိုတာ ရှိပါသေးသလား။ ဖျက်သိမ်းလိုက်ပြီလား။ ရှိသေးရင် ဘာဆက်လုပ်ဖို့ အစီအစဉ် ရှိပါသလဲဟူ၍ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့ ရည်ရွယ်ချက်ကတော့ အရင်တုန်းက တပ်မတော်အစိုးရလက်ထက်မှာတော့ ပြန်ကြားရေးဝန်ကြီး ဦးဆောင်တဲ့ သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့ဆိုတာ ရှိပါတယ်။ မကြာခဏ သတင်းထုတ်ပြန်တာလဲ တွေ့ပါတယ်။ အစိုးရသစ်လက်ထက်မှာ ဒီ ပေါ်လာပါသေးတယ်။ တစ်ခါ နှစ်ခါ သူပြောတာ တွေ့သေးတယ်။ နောက်ပိုင်းတော့ ဝန်ကြီးဌာနတွေက သူတို့မှာ ပြောစရာရှိရင် ဝန်ကြီးဌာန အစီအစဉ်နဲ့ပဲ သူတို့ ရှင်းပြတာ တွေတွေ့တယ်။ သမ္မတအကြံပေးအဖွဲ့ကတောင်မှ သတင်းစာရှင်းလင်းပွဲဆိုပြီး ထလုပ်တာတွေတွေ့ရတယ်။ တွေ့တဲ့အခါကျတော့ ပြန်ကြားရေးဝန်ကြီးရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ကြီးက တိမ်မြုပ်ပျောက်ကွယ်နေတဲ့သဘော ကျွန်တော့်အနေနဲ့ တွေ့ပါတယ်။ တွေ့တဲ့အခါကျတော့ သူများနိုင်ငံတွေကို လေ့လာကြည့်တဲ့အခါကျတော့ သူများနိုင်ငံတွေမှာ ဒီလိုမျိုး တစ်ပတ်ကို တစ်ကြိမ်၊ တချို့က တစ်လတစ်ကြိမ် ပုံမှန်သတင်းစာ ရှင်းလင်းပွဲတွေ ဆောင်ရွက်ပြီးတော့ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထု သိရှိလိုတာတွေကို မီဒီယာတွေကနေတစ်ဆင့် အဲဒါ မေးမြန်းပြီးတော့ ဖြေကြားတာ၊ အမေးအဖြေလုပ်တာတွေကို ပုံမှန်သတင်းစာ ရှင်းလင်းပွဲတွေ၊ ဒီမိုကရေစီ

နည်းလမ်းနဲ့ သွားနေတဲ့နိုင်ငံတွေအားလုံးဟာ အဲဒီလို ပုံမှန်သတင်းစာ ရှင်းလင်းပွဲတွေ လုပ်တာကို ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိပါတယ်။

ဒါကြောင့်မို့လို့ ဒီ သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့အစည်း ရှိသေးတယ်ဆိုရင်လည်း ပုံမှန်သတင်းစာ ရှင်းလင်းပွဲတွေ လုပ်ပြီးတော့ ပြည်သူတွေ သိရှိလိုသမျှ၊ မေးမြန်းလိုသမျှကို မီဒီယာကနေတစ်ဆင့် ဆောင်ရွက်ပေးနေရင်၊ Function ဖြစ်နေရင်ကောင်းမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆမိတဲ့အတွက်ကြောင့် ဒီ အာဏာပိုင်အဖွဲ့အစည်းကြီး ရှိသေးသလား။ ဖျက်လိုက်ပြီလား။ ဖျက်တယ်လို့တော့ ကျွန်တော့်အနေနဲ့ ဘယ်စာစောင်၊ ဂျာနယ်၊ သတင်းစာထဲမှာလည်း မတွေ့သေးပါဘူး။ ဒါကြောင့်မို့လို့ ရှိသေးတယ်ဆိုရင်လဲ ဆက်ပြီးတော့ မည်ကဲ့သို့ ဆက်လက် နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်မယ်ဆိုတာ သိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

တတိယမေးခွန်းကတော့ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ယခင် ပါလီမန် ဒီမိုကရေစီခေတ်ကကဲ့သို့ တိုက်ပွဲသတင်းကအစ မခြွင်းမချန် ထည့်သွင်းထုတ်ပြန်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်း မေးနေဆဲကာလမှာပဲ ယခုအချိန်မှာ သတင်းစာကို ပြုပြင်ပြောင်းလဲဖို့ အမျိုးမျိုးဆောင်ရွက်ကြိုးပမ်းနေတာကို ကျွန်တော့်အနေနဲ့ ထင်ရှားစွာ တွေ့ရှိရပါတယ်။ ကျွန်တော် မေးခွန်းမေးလိုက်တဲ့အချိန်မှာတော့ ဒီလိုမျိုးအခြေအနေ မတွေ့ရှိရသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ဒီမိုကရေစီကို သွားနေတဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် ဒီမိုကရေစီ နည်းလမ်းကျတဲ့ သတင်းစာတစ်စောင်တော့ လိုလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ယခင် ဆိုရှယ်လစ်ခေတ်တုန်းကတောင်မှ တိုက်ပွဲသတင်းတွေကို ရေးသားဖော်ပြတယ်။ မိမိဘယ်လောက် ကျဆုံးသွားတယ်။ ရန်သူဘယ်လောက် သေကျေသွားတယ်။ အခုခေတ်မှာတော့ တိုက်ပွဲမှာ ကျဆုံးတာတောင်မှ ကွယ်လွန်တယ်လို့ ဖော်ပြမှ သတင်းစာက ထည့်ပေးတယ်လို့ သိရပါတယ်။ ကွယ်လွန်တာနဲ့ ကျဆုံးတာနဲ့က တန်ဖိုးချင်း မတူပါဘူး။ ဘာဖြစ်လို့ ကျဆုံးတာကို ကျဆုံးတာလို့ မရေးရမှာလဲ။ ပွင့်လင်းမြင်သာမှု၊ ပွင့်လင်းမြင်သာမှု ဆိုပြီးတော့ ကျွန်တော်တို့က ပြောပြီးတော့မှ ကျတာကို ကျတာလို့ ပြောတာ ပိုပြီးတော့ ဂုဏ်ရှိပါတယ်။

ဥပမာ - ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာမှာ လွှတ်တော်အမတ် ဦးဘသီ၊ ဒုတိယဝန်ကြီး ဦးဖိုးထင်၊ ဦးဘသော်၊ ထောက်ပံ့ရေးအရာရှိ ပေါင်း(၄)ယောက်ကို မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ဆီဆုံကုန်းကျေးရွာ တောင်ဘက်၊ တောင်တစ်လုံး ဘုန်းကြီးကျောင်းအနီး ရှားစောင်းပင်အောက်မှာ ကွန်မြူနစ်များက တန်းစီစေပြီး ပစ်သတ်လိုက် ကြသည်ဆိုပြီးတော့ ရှားစောင်းပင်လေးပါ ထည့်ပြီးတော့ ရေးတာကို တွေ့ရပါတယ်။ ၁၉-၁၁-၁၉၄၉ ခုနှစ်၊ ဗမာ့ခေတ်သတင်းစာ စာမျက်နှာ(၂)မှာ ဘိလပ်သူ မစ္စရိုစီ က ကရင်ခေါင်းဆောင်ကြီးနှင့် လက်ထပ်ပြီး ပုသိမ်တွင်လာနေစဉ် ကရင်ခေါင်းဆောင်ကြီးသည် နောက်ထပ် ကရင်မ (၂)ယောက်၊ (၃)ယောက်နဲ့ ဇိမ်ယူသည့်အတွက် ဘိလပ်သို့ ပြန်သွားပြီး ဘိလပ်မှနေ၍ မယားစရိတ် ရလိုမှုဖြင့် ပုသိမ်မြို့ တရားမအရေးပိုင်ရုံးသို့ လျှောက်ထားရာ စရိတ်မရဘဲ ကွာလိုမှုသာ အနိုင်ရကြောင်းဆိုပြီး ပွင့်ပွင့်လင်းလင်းရေးထားတာ တွေ့ရပါတယ်။

၁၄-၃-၁၉၅၁ နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ပေါင်းလောင်းတောင်ခြေရှိ ပေါစီကုန်းရွာ ကွန်မြူနစ်စခန်းကို တပ်ပေါင်းစုက ဝင်တိုက်ရာ ခံကတုတ်များနှင့် စခန်းတွင်း၌ မပြေးဘဲ ကျန်ရစ်သူ(၁)ယောက်၊ အလောင်း(၅)လောင်းနှင့် အသားတုံး၊ အသားစိုင်များ၊ သွေးအိုင်များ တွေ့ရကြောင်း၊ ဆန်အိတ်၊ ဆီပုံး၊ ငါးပိ၊ ရိက္ခာ၊ ရိုင်ဖယ်(၅)လက်၊ စိန်ပြောင်း(၁)လက်တို့ သိမ်းဆည်းရမိကြောင်းဆိုပြီးတော့ အသားတုံး၊ အသားစိုင်တွေပါ ထည့်ရေးတာကို ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ ၄-၃-၁၉၅၁ မြန်မာ့အလင်း သတင်းစာမှာလည်း ကွန်မြူနစ်စခန်းကို ဝင်တိုက်လို့ သူပုန်ဗိုလ် ဗိုလ်ဘအောင် ရဲ့ဇနီး မတင်ညွန့် မှာ ကိုယ်ဝန်အရင့်အမာနှင့် စခန်းသိမ်းပိုက်စဉ် လူးလိမ့်ကျန်ရစ်ကြောင်း၊ တပ်မတော်ဗိုလ် ဒေါက်တာ တင်အောင် က မတင်ညွန့် ကို ပါလာသော လက်နက်ကိရိယာဖြင့် မွေးဖွားပေးခဲ့ကြောင်း၊ တပ်မတော်က စခန်းသိမ်း နောက်ကျလျှင် မိခင်ရော ကလေးပါ အသက်မရှင်နိုင်ကြောင်း၊ ယခုအခါ မတင်ညွန့် မှာ ကသစ်ခုံရွာတွင် ကျန်းမာပျော်ရွှင်လျက် ရှိကြောင်း ဆိုပြီးတော့ ဒီလိုမျိုး ပွင့်ပွင့်လင်းလင်း ရေးသားထားတာကို တွေ့ရတဲ့အတွက် အလွန်ကို အနှစ်သာရ ရှိရှိ ဖတ်ရတဲ့ သတင်းစာပါလား။ အခုခေတ် ဒီမိုကရေစီခေတ်မှာ ဒါမျိုး မဖတ်ရတော့ဘူးလား။ ကျွန်တော်တို့က ဖတ်ချင်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒါမျိုးလေးတွေဖော်ပြဖို့ ဘယ်အချိန်လောက်ကျရင် ဖော်ပြမလဲဆိုတာ သိချင်တာ ဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ ရန်ကုန်မြို့၊ ကန်တော်မင်ပန်းခြံ ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲမှာ သခင်ကိုယ်တော်မှိုင်း ပြောတဲ့စကားထဲမှာ သေဆုံးသူ အရပ်သား(၉၆၂၈) ယောက်၊ မီးရှို့ခံကျေးရွာ(၁၅၇၀)၊ ဖျက်ဆီးခံရွာက(၆၇၀)၊ အစိုးရဘက်ကကျဆုံး(၅၀၁၁)ယောက်၊ သောင်းကျန်းသူကျဆုံး (၂၈၆၇၆)ယောက် ဆိုပြီးတော့ ဒီလို ရှေးတုန်းက သတင်းစာတွေဟာ ပွင့်ပွင့်လင်းလင်း ဖော်ပြတာတွေ့ရပါတယ်။ စစ်တွေမြို့၊ ဒိုးဒန်းချောင်း တစ်ဖက်ကမ်းမှာ မူဂျာဟစ်သူပုန်(၁၀၀)ခန့်နှင့် တိုက်ပွဲဖြစ်ပွားရာ သူပုန်ခေါင်းဆောင် အဒူဆလန် အပါအဝင် (၂၀)ကျဆုံးကြောင်း ဆိုပြီးတော့ ဒါ ၂၄-၂-၁၉၅၁ သတင်းစာထဲမှာလည်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။

အဲဒီတော့ သတင်းစာဆိုတာ ကျွန်တော်တို့ ပြည့်လက်ရုံးလို့ပဲခေါ်ခေါ်၊ သမ္မတဟောင်း George W. Bush ပြောသလို မရှိမဖြစ်လိုအပ်သော မကောင်းဆိုးဝါးကြီး လို့ပဲပြောပြော ဖြစ်ရပ်မှန်တွေကိုတော့ မြင်သာထင်သာအောင် ဖော်ပြသင့်ပြီလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သား အပေါင်းအား အလေးပြုလို့ပဲ ပါပါတယ်။ ကွယ်လွန်လေပြီးသောလို့ မသုံးပါဘူး။ ကျတာဆို ကျတာပဲ။ ကွယ်လွန်ရင် ကွယ်လွန်တာပဲ။ ဒါဆိုရင် ရန်သူ့လက်နက်နဲ့ ရှေ့တန်းမှာ ကျဆုံးရင် ကျဆုံးပေါ့။ နောက်တန်းမှာ ဖျားသေတာ၊ ကားတိုက်လို့သေတာ ဒါ ကွယ်လွန်ပေါ့။ ဒါ တပ်မတော်သားတွေမှာ။ ဒီလိုရှင်းရှင်းထည့်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ကျဆုံးနဲ့ ကွယ်လွန်ဟာ အရေးကြီးပါတယ်။ ဂုဏ်သိက္ခာလည်း မတူပါဘူး။ ပင်စင်တောင်ရတာ မတူပါဘူး။ သတင်းစာမှာတော့ အတူတူ ဖြစ်နေပါတယ်။ ဒါကြောင့်မို့ သတင်းစာကို ပုံသဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းမယ် ပြောင်းမယ်နဲ့ နှုတ်ကချည်း မပြောသင့်ဘဲနဲ့ Stop Talking/Start Working လို့ ကျွန်တော့် အနေနဲ့ တင်ပြလိုပါတယ်။ ဒီနေ့အချိန်မှာ သတင်းစာကြည့်လိုက်ရင် ပုလဲသွယ် စပ်မျိုးစပါး စိုက်နေတာ၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကြီး ကျင်းပနေတာ၊ (၁၀)တန်းအောင်တဲ့ ထူးချွန်တဲ့ ကလေးကို ဆုပေးတာ၊ ဇီဝိတဒါနဆေးရုံကြီးမှာ အလှူငွေထည့်တာ၊ ဒါလောက်ပဲ ကျွန်တော်တို့က ဖတ်နေရတဲ့အတွက်ကြောင့် ဒါတွေကို လျှော့ချပြီးတော့ အမှန်တကယ်အနှစ်သာရရှိတဲ့ ဖြစ်ရပ်မှန်တွေကို ထည့်သွင်းဖော်ပြဖို့ သင့်တယ်လို့

ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့ အထက်ပါ မေးခွန်းများကို အမျိုးသားလွှတ်တော် မှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဖြေကြားချက်

အချိန်၊ ၁၀း၂၃။

ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ယူဆောင်ရွက်နေတဲ့ ဦးအောင်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ပထမမေးခွန်းကို ဦးစွာဖြေကြားမှာ ဖြစ်ပါတယ်။

ပြည်ပမီဒီယာတွေက မြန်မာနိုင်ငံအတွင်းက ပြည်သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ထိခိုက်အောင်၊ သိက္ခာကျအောင် အသရေဖျက် ပြောဆိုလာလို့ ရှိရင် မည်သည့် ပုဒ်မနဲ့ အရေးယူရမလဲ ဆိုတာကို သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ပြည်ပက ထုတ်လွှင့်နေတဲ့ အသံလှိုင်းတွေဟာ မြန်မာနိုင်ငံကို ရောက်ရှိပြီးတော့ မြန်မာနိုင်ငံမှာ ရေဒီယိုဖွင့်မယ်ဆိုလို့ရှိရင် ပြည်သူတိုင်းက ကြားရတဲ့ အသံလှိုင်း ဖြစ်တဲ့အတွက် ပြည်ပတွင် ထုတ်လွှင့်ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်းမှာ သက်ရောက်မှု ရှိနေတဲ့အတွက် မြန်မာနိုင်ငံတရားရုံးများရဲ့ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ပါတယ်ဆိုတဲ့အကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။

အသရေပျက်စေခြင်း (Libel) အမှုနဲ့ ပတ်သက်ပြီးတော့ ကျူးလွန်ကြောင်းကို ကျွန်တော်တို့ တရားစွဲမယ် ဆိုလို့ရှိရင်တော့ ငွေကြေး၊ ပစ္စည်း မည်မျှ နစ်နာဆုံးရှုံးတယ်ဆိုတဲ့ အချက်ကို သက်သေပြစရာ မလိုပဲနဲ့ တရားမနစ်နာမှုဥပဒေ (Law of Tort) ဖြင့် တရားစွဲဆိုပိုင်ခွင့် ရှိပါတယ်။ ဒီဥပဒေဟာ အပြည်ပြည်ဆိုင်ရာမှာလည်းပဲ ယဉ်ပါးနေပြီး ကျင့်သုံးနေတဲ့ ဥပဒေမျိုးဖြစ်တဲ့အပြင် ယခင်ကလည်း ဒီဥပဒေကို သုံးစွဲခဲ့တဲ့ စီရင်ထုံးများလည်းရှိကြောင်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဒါပေမယ့်လည်းပဲ တရားစွဲမယ်ဆိုလို့ရှိရင် စွပ်စွဲခံရတဲ့သူဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တရားရုံးများရဲ့ စီရင်ပိုင်ခွင့် နယ်မြေပြင်ပမှာ နေထိုင်လုပ်ကိုင်နေသူများ ဖြစ်ခဲ့လို့ရှိရင် ယင်းတို့အပေါ်မှာ စီရင်ပိုင်ခွင့်ရှိတဲ့ ပြည်ပတရားရုံးများတွင် တရားစွဲမှသာ တရားစီရင်ချက် အတည်ဖြစ်မှာ ဖြစ်တဲ့အတွက် အကျိုးဖြစ်ထွန်းနိုင်မှု ရှိ/မရှိ ကိုတော့ ထည့်သွင်း စဉ်းစားဖို့လိုအပ်ကြောင်း ပြန်ကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ဖြေကြားရမယ်ဆိုလို့ရှိရင် ပြန်ကြားရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဦးဆောင်တဲ့ သတင်းထုတ်ပြန်ရေး အာဏာပိုင်အဖွဲ့ဆိုတာ ရှိပါသလား။ ဖျက်သိမ်းလိုက်ပြီလား။ ရှိသေးရင် ဘာဆက်လုပ်ဖို့ အစီအစဉ် ရှိသလဲ ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းခြင်း ဖြစ်ပါတယ်။

ယခင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ဆိုတာ ရှိခဲ့ပါတယ်။ ဒီအဖွဲ့မှာ အဖွဲ့ခေါင်းဆောင်ဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းဟာ အဲဒီအဖွဲ့ကို ရည်ညွှန်းတယ် ဆိုလို့ရှိရင်တော့ အဲဒီအဖွဲ့ ဟာ ယခုအခါ မရှိတော့ဘူးလို့ပဲ ကျွန်တော့်အနေနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။

နောက်တစ်ဖွဲ့ကတော့ အခု ကျွန်တော်တို့ အစိုးရသစ်အဖွဲ့ရဲ့ လက်ထက်မှာ ဖွဲ့စည်း ခဲ့တဲ့ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ဆိုတာလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးရဲ့ ၁၁-၁၀-၂၀၁၁ နေ့ရက်စွဲပါစာအမှတ်၊ ၄၅၄/၃၅၆ - ဖွဲ့စည်း/ အဖရ (၂၀၁၁) ညွှန်ကြားချက်အရ ဝန်ကြီးဌာနအလိုက် Media Team နဲ့ Media ဆိုင်ရာ Contact Person တွေ ဖွဲ့စည်းထားပြီးတော့ ဝန်ကြီးဌာနအလိုက် တိုက်ရိုက်သတင်းများကို ထုတ်ပြန်ပေးလျက်ရှိနေပါပြီ။ အဲဒီလို ဝန်ကြီးဌာနအလိုက် သတင်းများကို ထုတ်ပြန်ပေးပြီး ဖြစ်နေတဲ့အတွက် ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့အနေနဲ့ ဆက်လက်လုပ်ဆောင်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ယခင် ပါလီမန်ဒီမိုကရေစီ ခေတ်ကကဲ့သို့ တိုက်ပွဲသတင်းမှအစ မခြွင်းမချန် ထည့်သွင်းထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေး

ရပြီးတဲ့နောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်မှာ သတင်းစာအစောင်ပေါင်း (၄၀)ခန့် ထုတ်ဝေခဲ့တာ သတင်းစာအားလုံးဟာ ပုဂ္ဂလိကပိုင် သတင်းစာများသာ ဖြစ်ကြပါတယ်။

ထိုစဉ်က နိုင်ငံပိုင် သတင်းစာ မရှိခဲ့ပါဘူး။ ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်သတင်းစာများကို ဒီမိုကရေစီစနစ်နဲ့ ကိုက်ညီတဲ့ အယ်ဒီတာ လွတ်လပ်ခွင့်နဲ့ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲမှု လွတ်လပ်ခွင့်ရှိတဲ့ အများပြည်သူ ဝန်ဆောင်မှုသတင်းစာ (Public Service Media-PSM) များအဖြစ် အဆင့်ဆင့်ကူးပြောင်းရေးအတွက် ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

Public Service Media - PSM သတင်းစာဖြစ်သွားတဲ့အခါ ယခုခေတ် နိုင်ငံတကာ သတင်းမီဒီယာများရဲ့ ရေးသားမှုပုံသဏ္ဌာန်အတိုင်း တိုင်းကျိုးပြည်ပြုမှုနဲ့ ငြိမ်းချမ်းရေးကို ရှေးရှုတဲ့ (Peace Journalism) ရေးသားနည်း၊ ရေးသားဟန် အခြေခံမူတွေကို လိုက်နာ ကျင့်သုံးပြီးတော့ ရေးသားသွားလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ရပါတယ်။ အဲဒီအခါမှာ သတင်းအချက်အလက်တွေဟာ ပိုမိုပြီးတော့မှ ပြည့်စုံလာဖွယ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၃၀။

ဒုတိယဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းတဲ့ မေးခွန်းများသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကျောက်တော်မြို့နယ်၊ နဂရာကျေးရွာအုပ်စုအတွင်းသို့ ကျူးကျော်ဝင်ရောက် နေထိုင်သည့် ဘင်္ဂလီကျေးရွာအား ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၃၀။

ဒုတိယဥက္ကဋ္ဌ။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး က ကျောက်တော်မြို့နယ်၊ နဂရာကျေးရွာအုပ်စုအတွင်းသို့ ကျူးကျော်ဝင်ရောက် နေထိုင်သည့် ဘင်္ဂလီကျေးရွာအား ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၀။

ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကိုယ်စားလှယ် ဦးခင်မောင် က ဒီနေရာကနေ ဂါရဝပြုတယ်။ ကျွန်တော် ဒီမေးခွန်းတွေကို တင်ထားတာ တော်တော်လေး ကြာသွားပါပြီ။ ဇူလိုင်လတုန်းက မိမိမဲဆန္ဒနယ်ကို သွားတုန်းက ရွာသူ/ရွာသားများက သူတို့ရဲ့ ရွာထဲမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတစ်ခုကို အာဏာပိုင်တွေကို တိုင်ထားပါတယ်။ ဒီဟာကို ဘာမှလဲ အဖြေမရပါဘူး ဆိုပြီးတော့ ကူညီပေးပါဆိုတော့ အဲဒီစာကို အမျိုးသားလွှတ်တော်မှာ မေးခွန်းလုပ်ပြီးတော့ တင်ပေးခဲ့ပါတယ်။ မေးခွန်းကတော့ လူနေအိမ်များ တည်ဆောက်ပြီး ကျေးရွာအုပ်စုအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်သည့် ဘင်္ဂါလီကျေးရွာများအား ဖယ်ရှားပေးပါရန် ဆိုပြီးတော့ မေးထားပါတယ်။

အဲဒီစာထဲမှာ ပါတာကတော့ ဒီ ကျောက်တော်မြို့နယ်၊ နဂရာကျေးရွာအုပ်စု၊ နဂရာကျေးရွာနဲ့ ရုပ်သားကျေးရွာအကြားမှာ မှိုင်းဝချောင်းရဲ့ အနောက်ဘက်ကမ်းခြေ စံကားတောင်ကျေးရွာက မူဆလင်တို့ဟာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ ရပ်ရွာတည်ဆောက်ခွင့်ချထားပေးမှုမရှိဘဲနဲ့ နဂရာကျေးရွာအုပ်စုအတွင်းသို့ ဝင်ရောက်ကျူးကျော်ပြီး လူနေအိမ်များ အတည်တကျထူထောင် နေထိုင်လာခဲ့တာဟာ ၁၉၉၈ ခုနှစ်လောက်ကတည်းက ဖြစ်ပါတယ်။ အဲဒီအချိန်က ဘယ်သူက နေရာချထားပေးမှန်း မသိဘဲနဲ့ မယ်မယ်ရရမရှိဘဲ နေထိုင်ခဲ့ကြတာလို့ သိရှိရပါတယ်။ စုံစမ်းသိရှိရသမျှ ဘင်္ဂါလီများကို မည်သည့်အဖွဲ့အစည်းကမျှ နေရာချထားပေးခြင်းမရှိပါဘူး။

အဲဒီလို ကျူးကျော်နေကြတဲ့ အုပ်စုတွေဟာ နဂရာကျေးရွာနယ်မြေအတွင်းမှာ ဝင်ရောက်နေထိုင်သော်လည်း ကျေးရွာအုပ်စုမှ တာဝန်ရှိသူများက အုပ်ချုပ်လို့မရနိုင်ဘူး ဖြစ်နေပါတယ်။ ဒီရွာသူ/ရွာသားများ သူတို့ နေထိုင်တဲ့နေရာကို ဝင်ရောက်တဲ့အခါမှာ ခိုက်ရန်ဖြစ်ပွားပြီးတော့ အမျိုးသမီးကြီး/ငယ်များဟာလည်း မကြာခဏ အနှောင့်အယှက်ပေးခြင်းခံရပါတယ်။ ဒါကြောင့် မို့လို့ ရပ်မိရပ်ဖတွေက မိမိတို့ရွာမှ ရပ်သူ/ရွာသားများကို ထိန်းသိမ်း ဆုံးမထားပြီးတော့ ပြဿနာမဖြစ်အောင် နေထိုင်ခဲ့ကြပါတယ်။ အကယ်၍ ပြဿနာဖြစ်လာခဲ့မယ်ဆိုလို့ရှိရင် အကြီးအကျယ်

ဖြစ်လာတော့မယ်ဆိုပြီးတော့ စိုးရိမ်ပြီးတော့ ဒီကိစ္စကို တိုင်တန်းခဲ့ကြတာဖြစ်ပါတယ်။ မိဘပြည်သူ တစ်ရပ်လုံး စိတ်ဝမ်းနှလုံးအေးချမ်းစွာနဲ့ ဥပဒေအောက် အုပ်ချုပ်မှုအောက်မှာ လုံလုံခြုံခြုံ အေးအေးချမ်းချမ်း နေထိုင်နိုင်ဖို့ တာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဒါမှသာ ပြည်သူများလိုလားတဲ့ ဒီမိုကရေစီရဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကို အာဏာပိုင်များက ဘယ်လိုများ ဆောင်ရွက်ပေးနိုင်မလဲ ဆိုတာကို မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့များ၏ မြို့စွန်ရှိ ဘင်္ဂါလီလူမျိုး ရပ်ကွက်နှင့် ကျေးရွာများ၏ လူနေဇရိယာ တဖြည်းဖြည်း ကြီးကျယ်ပြန့်ကားမှုသည် မြို့ပြ အက်ဥပဒေနှင့် ကျေးရွာအက်ဥပဒေများ နှင့်အညီ တရားဝင်ရပ်ကွက် သို့မဟုတ် ကျေးရွာများ ဟုတ်/မဟုတ်၊ ဥပဒေနှင့် မညီပါက နောင်တွင် ယင်းတို့၏ လူနေအိမ်ရာနယ်နိမိတ်ကို သတ်မှတ်ပေးပြီး ထိန်းချုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၃၄။

ဒုတိယဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့များ၏ မြို့စွန်ရှိ ဘင်္ဂါလီလူမျိုးရပ်ကွက်နှင့် ကျေးရွာများ၏ လူနေဇရိယာ တဖြည်းဖြည်း ကြီးကျယ်ပြန့်ကားမှုသည် မြို့ပြအက်ဥပဒေနှင့် ကျေးရွာအက်ဥပဒေများနှင့်အညီ တရားဝင် ရပ်ကွက် သို့မဟုတ် ကျေးရွာများ ဟုတ်/မဟုတ်၊ ဥပဒေနှင့် မညီပါက နောင်တွင် ယင်းတို့၏ လူနေအိမ်ရာ နယ်နိမိတ်ကို သတ်မှတ်ပေးပြီး ထိန်းချုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၄။

ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ပိုင်းမြို့နယ်တွေ အထူးသဖြင့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေ၊ ကျောက်တော်မြို့နယ်တွေမှာ ရခိုင်ကျေးရွာများနှင့် ဘင်္ဂလီကျေးရွာများဟာ အခုအချိန်မှာဆိုရင် ရောယှက်လာနေပါတယ်။ ဒါဟာ ပဋ္ဌိပက္ခဖြစ်တဲ့ အကြောင်းခံတရားတစ်ခုလည်း ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးစမှာ ဒီ ဘင်္ဂလီရွာတွေဟာ ဒီလောက် မများပါဘူး။ ကျေးရွာနယ်နိမိတ်တွေလည်း ဒီလောက်မကြီးပါဘူး။ လူဦးရေကလည်း ယခု အရမ်းများလာပါတယ်။ ရွာဧရိယာဆိုတာကလည်း အလွန်ကြီးထွားလာပါတယ်။ သူတို့ လူဦးရေကလည်း ရခိုင်ကျေးရွာက လူဦးရေနဲ့ ဆတူနီးပါးဖြစ်လာတဲ့အခါ ပဋ္ဌိပက္ခတွေ ဖြစ်လာတာ ဖြစ်ပါတယ်။

အဲဒီလို သူတို့ လူဦးရေများတာကလည်း ခိုးဝင်တာလည်း ပါပါတယ်။ မွေးဖွားနှုန်း မြင့်မားတာလည်း ပါပါတယ်။ ခိုးဝင်တာ ဘယ်လိုသိရလဲဆိုတော့ အင်္ဂလိပ်အစိုးရလက်ထက်က မှတ်တမ်းတွေမှာလည်း အများကြီးရှိပါတယ်။ နောက်ဒီ ကျွန်တော်တို့ ဘူးသီးတောင်၊ မောင်တောမှာ တာဝန်ထမ်းဆောင်သွားတဲ့ စာရေးဆရာကြီး ဦးမောင်ထင် ရေးတဲ့ အထဲမှာလည်းပါပါတယ်။ နောက် ၁၉၇၈ ခုနှစ်က ဒီမှတ်ပုံတင်တွေ စစ်မယ်လုပ်တဲ့အခါ လူဦးရေသိန်းချီပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ ကိစ္စတွေလည်း ပါပါတယ်။ အခုလည်း ခိုးဝင်နေကြတာ ပါပဲ။ ဒီလမှာဆိုရင် ဂျာနယ်တွေမှာ နှစ်ခါတွေ့ရပါတယ်။ ဒီကလေးမြို့နယ်ဘက်က ဝင်လာတာမှာ အဲဒီ ကလေးမြို့နယ် လက်ပံချောင်းရဲစခန်းမှာ ခိုးဝင်တဲ့ ဘင်္ဂလီ(၁၆)ယောက် တွေ့ရပါတယ်။ အရင်တုန်းက (၄)ယောက် ခိုးဝင်တယ်ဆိုပြီးတော့ သတင်းတွေမှာ ဖတ်ရပါတယ်။ ဆိုတော့ လူဦးရေ တဖြည်းဖြည်းများလာတာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ ကြီးခင်ဗျား။ ဒီဘင်္ဂလီတွေဟာ ရေလုပ်ငန်းကိုအခြေခံပြီးတော့ မြစ်ဝ၊ ချောင်းဝ၊ ပင်လယ်ကမ်းခြေစတဲ့ ဒီအချက်အခြာ နေရာတွေမှာ သူတို့နေထိုင်လာတာ ဖြစ်ပါတယ်။ ၎င်းတို့ဟာ ပထမမှာ လယ်တဲ၊ တံငါတဲ၊ တစ်ဆောင်၊ နှစ်ဆောင် အဲဒီနောက်ရွာငယ်၊ အဲဒီနောက် ရွာကြီး၊ အဲဒီနောက်တော့ ဒီအမာခံ ရွာကြီးတွေ တည်ဆောက်ပြီး နေကြပါတယ်။ မြို့ကြီးတွေ၊ မြို့လေးတွေမှာလည်း နေပါတယ်။ မြို့ဆင်ခြေဖုံး၊ ကျေးလက်ဒေသ၊ မြစ်နား၊ ပင်လယ်နား ဒေသတွေမှာ နယ်မြေချဲ့ထွင်ပြီးတော့ လူဦးရေတိုးပွားရေးကို စီမံပြီးတော့ ဒီ (Bengalese Community)ကို တည်ဆောက်ကြတာ ဖြစ်ပါတယ်။ သူတို့ကတော့ အဓိက

ရေလုပ်ငန်းကို ဒီနောက်ပိုင်းမှာကျတော့ ရေလုပ်ငန်းကို အခြေခံပြီးတော့ ရေကြောင်းက ခိုးဝင်တာ များပါတယ်။ ဒီဘင်္ဂလီရေလုပ်သားတွေဟာ (၂)နိုင်ငံမှာ ခွဲပြီးတော့ နေကြတဲ့လူတွေ ဖြစ်ပါတယ်။ သူတို့ ပင်လယ်ထဲထွက်ရင် အနည်းဆုံး လေးငါးရက်ကြာတယ်။ ပြန်လာတဲ့အခါ လာတယ်။ မလာတဲ့ အခါလည်း မလာဘူး။ ငါးရရင်လည်း တစ်ဖက်နိုင်ငံမှာ ရောင်းတယ်။ ရာသီဥတုဆိုးရင်လည်း အဲဒီနိုင်ငံတွေမှာ သူတို့နေတာရှိပါတယ်။ အဲဒီနိုင်ငံက ဘင်္ဂလားဒေ့ရ်နိုင်ငံက တံငါတွေလည်း ဒီနိုင်ငံကို လာနေတာပါပဲ။ ဒီနိုင်ငံက ကျွန်တော်တို့ စစ်တွေမြို့နယ်က သဲချောင်းတို့ ဒီပေါက်တော မြို့နယ်ကဆိုရင် သက္ကယ်ပြင်တို့ ရွာတွေက ဘင်္ဂလီတံငါတွေဆိုရင် ဘင်္ဂလားဒေ့ရ်မှာ မနေဘူးတဲ့ တံငါ မရှိသလောက်ပါပဲ။

ဘင်္ဂလားဒေ့ရ်နိုင်ငံမှာ တစ်ခါ ငါးလပိုင်း၊ ခြောက်လပိုင်း၊ ခုနှစ်လပိုင်း၊ ရှစ်လပိုင်းမှာ သူတို့နိုင်ငံမှာ ငါးမဖမ်းရပါဘူး။ အဲဒီအချိန်မှာ အဲဒီနိုင်ငံက တံငါတွေက ကျွန်တော်တို့ နိုင်ငံဆီ လာပါတယ်။ ကျွန်တော်တို့ဆီမှာ ငါးဖမ်းတယ်။ ငါးဝယ်တယ်။ ရတဲ့ငါးတွေကို တစ်ဖက်နိုင်ငံမှာ ရောင်းတယ်။ ရာသီဥတုဆိုးရင်လည်း ဒီမှာနေလိုက်တယ်။ အလယ်သံကျော်တို့၊ ကိုးတန်ကောက်တို့၊ မောင်တောနားက မောင်နီပြင်တို့မှာ သူတို့ အခါခါလာနေပါတယ်။ သူတို့ ငါးဖမ်းတယ်။ ငါးဝယ်တယ်။ တစ်ခါ သူတို့လက်နက်တွေလည်း ပါပါတယ်။ တစ်ခါတလေ ဓားပြတိုက်တာ တွေလည်း ရှိပါတယ်။ ဆိုတော့အခုအချိန်မှာဆိုရင် နိုင်ငံရဲ့လုံခြုံရေးအတွက်လည်း အန္တရာယ်ရှိ လာပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်လလောက်ကဆိုရင် စစ်တွေဘက်မှာ ဘင်္ဂလားဒေ့ရ်က စက်လှေ တစ်စီးနဲ့ လူ(၇)ယောက် မိပါတယ်။ ရသေ့တောင်မြို့နယ်မှာလည်း စက်လှေတစ်စီးနဲ့ လူတွေမိ ပါတယ်။ တစ်စီးကတော့ သေနတ်ပစ်ပြီး ထွက်ပြေးသွားပါတယ်။ ဒီလိုအပြန်ပြန်အလှန်လှန် သွားနေကြတာဟာ မှီခိုစရာ ဒေသခံ ဘင်္ဂလီရွာတွေ ရှိလို့ဖြစ်ပါတယ်။ ဒီရွာတွေဟာ ဥပဒေနဲ့ အညီ တည်ထောင်ထားတဲ့ ကျေးရွာတွေဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရဲ့ ဥပဒေကိုလည်း လေးစားဖို့ လိုပါတယ်။ တိုင်းရင်းသား ရခိုင်ကျေးရွာတွေတောင်မှ ရပ်ရွာနယ်နိမိတ် ခဲ့ချင်လို့ရှိရင် ကျေးရွာ အဆင့်၊ မြို့နယ်အဆင့် အစည်းအဝေးတွေထိုင်ရပါတယ်။ နောက် လယ်မြေတို့၊ ဆားကျင်း တို့ကို မထိရ ပါဘူး။ ဘင်္ဂလီရွာ အများစုရှိတာဟာ အဓိက ဆားကျင်းနဲ့ လယ်မြေတွေဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဘဂ်ါလီအိမ် ဆယ်အိမ်ဆိုတာ (၁၀)နှစ်၊ အနှစ်(၂၀)ဆယ် အတွင်းဆိုရင် ကျေးရွာကြီးအဆင့် ရောက်သွားတဲ့ဖြစ်ရပ်တွေ အတိတ်ကာလက ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အများကြီးရှိပါတယ်။ ဘဂ်ါလီရပ်ကွက်၊ ကျေးရွာတွေရဲ့ ရပ်ကွက်၊ ကျေးရွာ လူနေဧရိယာ ပြန့်ကားကျယ်ပြောလာရာမှာ လူနေခွင့်မရှိတဲ့ နိုင်ငံတော်ပိုင် လယ်မြေများ၊ ဆားကျင်းများ၊ မြေလွတ်မြေရိုင်းများနဲ့ ဘဂ်ါလီတွေရဲ့ သာသနာ့နယ်မြေများတောင်မှ ပါဝင်နေ ပါတယ်။ အဲဒီ ဗလီနယ်မြေထဲမှာလည်း ကျွန်တော်တို့ ရွာတွေ၊ ဘာတွေ၊ အိမ်တွေ ဆောက်ပြီး တော့ နေတာတွေ ရှိပါတယ်။ ဒီလိုမတရားခိုးဝင်လာတဲ့ ဘဂ်ါလီများဟာ မြေကို အရင်ချဲ့ပြီးမှ လူဦးရေကို တိုးချဲ့ ယူခြင်းဖြစ်ပါတယ်။ အဲဒီလုပ်ရပ်တွေဟာ ကျွန်တော်တို့ တိုင်းရင်းသား ရခိုင် လူမျိုးတွေရဲ့ လူမှုစီးပွားကိုလည်း ထိခိုက်စေပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ လုံခြုံရေး ကိုလည်း သူတို့ ခြိမ်းခြောက်နေပြီ ဖြစ်ပါတယ်။

အဲဒါကြောင့်ကျွန်တော် မေးရတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ် မြောက်ပိုင်းမြို့များ၏ မြို့စွန်ရှိ ဘဂ်ါလီလူမျိုး ရပ်ကွက်တွေ၊ ကျေးရွာများရဲ့ လူနေဧရိယာတွေ တဖြည်းဖြည်းကျယ် ပြန့်ကားလာမှုဟာ မြို့ပြအက်ဥပဒေ၊ ကျေးရွာအက်ဥပဒေများနှင့်အညီ တရားဝင် ရပ်ကွက် သို့မဟုတ် တရားဝင်ကျေးရွာတွေ ဖြစ်ပါသလား။ ဥပဒေနှင့် မညီပါက နောင်တွင် ယင်းတို့ရဲ့ လူနေအိမ်ရာ နယ်နိမိတ်ကို သတ်မှတ်ပေးပြီး ထိန်းချုပ်ရန် အစီအစဉ် ရှိပါသလားဆိုတာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ကျေးရွာရှိ အကျဉ်ဦးစီးဌာနမှ သိမ်းယူထားသော ကျေးရွာစားကျက်မြေများအနက် ရွာနှင့်ကပ်လျက်ရှိသော မြေများကို ပြန်လည်ပေးအပ်လိုခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၄၂။

ဒုတိယဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ကျေးရွာရှိ အကျဉ်ဦးစီးဌာနမှ သိမ်းယူ ထားသော ကျေးရွာစားကျက်မြေများအနက် ရွာနှင့်ကပ်လျက်ရှိသော မြေများကို ပြန်လည်ပေးအပ် လိုခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၄၂။

ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ကျေးရွာဆိုတာ ကျွန်တော်တို့ ဒါ သမိုင်းအစဉ်အလာနဲ့ ရာဇဝင်နဲ့ရှိခဲ့တဲ့ ရွာကြီး ဖြစ်ပါတယ်။ ဒီရွာဟာ ကျွန်တော်တို့ အိန္ဒိယ ရာဇဂြိုဟ်မှာ ကျွန်တော်တို့ မြို့ပြထူထောင်ခဲ့တဲ့ ကျွန်တော်တို့ ဒီမင်းမျိုးမင်းနွယ်တွေက အကြောင်းတစ်ခုကြောင့် လူသူပိုလ်ပါတွေနဲ့ ဒါ မြန်မာပြည်ဘက်ကို ထွက်ပြေးလာပြီး လွန်ခဲ့တဲ့နှစ်ပေါင်း(၁၃၀၀)လောက်ကပင် ရာဇဂြိုဟ်ကျေးရွာဆိုတာ ထူထောင်နေထိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီ ကျေးရွာကြီးဟာ ကျွန်တော်တို့ နေရဉ္ဇရာ မြစ်ကမ်းဘေး ကုန်းမြင့်ပေါ်မှာ တည်ရှိပါတယ်။ ကျွန်တော် ဒီမှာ အနည်းငယ် ပြောချင်တာကတော့ ကျွန်တော်တို့ ဒါ သာကီဝင်မင်းမျိုးတွေဟာ ကျွန်တော်တို့ အိန္ဒိယက ထွက်ပြေးလာခဲ့ပြီး ကလေးနယ်၊ ရာဇဂြိုဟ်ဒေသ ရောက်တဲ့အခါမှာ တူလေးတူဆိုပြီး နာမည်မှည့်ပြီးတော့ နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ရာဇဂြိုဟ်ဆိုတာလည်း အိန္ဒိယမှာရှိတဲ့မြို့ကို ဒါ နာမည်တူမှည့်တာ ဖြစ်ပါတယ်။ နေရဉ္ဇရာဆိုတာကလည်း ဒါ ကျွန်တော်တို့ အိန္ဒိယက ဒါ ရာဇဂြိုဟ်မြို့ရဲ့ အနီးက မြစ်ကြီးကို အမှီပြုပြီးတော့ ခေါ်တာဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ဂိဇ္ဈကူတ်တောင်တို့ ဝေဘူ-ဝေဘာတောင်တို့ ဆိုတာလည်း ဒါဟာ ကျွန်တော်တို့ အိန္ဒိယမှာရှိတဲ့ တောင်တွေကို အမှီပြုပြီး မှည့်ခေါ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော် ဒီဟာတွေပြောရခြင်းကတော့ ကျွန်တော်တို့ ရာဇဂြိုဟ် ကျေးရွာရဲ့ သမိုင်းအစဉ်အလာကို ပြောပြခြင်းဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ရာဇဂြိုဟ်ကျေးရွာကြီးဟာ ကျွန်တော်တို့ အိမ်ခြေ(၁၀၀၀)ကျော်၊ လူဦးရေ(၅၀၀၀)ကျော်နဲ့ လယ်မြေဧက(၆၀၀၀)ကျော် ရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်စည်ပင်နေတဲ့ ကျေးရွာကြီးလည်း ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ကျေးရွာရဲ့ မြောက်ဘက်(၁)မိုင်လောက်မှာ ရာဇဂြိုဟ် ဘက်စုံဆည်ကြီး တည်ဆောက်တာဟာ ၂၀၁၃ မှာ ပြီးစီးတော့မှာ

ဖြစ်ပါတယ်။ အဲဒီလို ပြီးစီးရင်လည်း ဒီကျေးရွာကြီးဟာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ့် ကျေးရွာကြီး တစ်ရွာ ဖြစ်ပါတယ်။

အဲဒီတော့ ကျေးရွာတစ်ရွာ ဖွံ့ဖြိုးတိုးတက်လာတယ်ဆိုရင် ရွာမြေတိုးချဲ့ဖို့ လိုအပ်ပါတယ်။ ဒီကျေးရွာကြီးဟာ ကျွန်တော်တို့ တိုက်နယ်ဆေးရုံလည်း ရရှိတော့မှာဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံလည်း အခု တည်ဆောက်နေပြီဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အခု အထက်တန်းကျောင်း(ခွဲ)ရှိပါတယ်။ ဒါ ကျွန်တော်တို့ ပညာရေးဌာန (၄)နှစ်စီမံကိန်းအရ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်တဲ့ အထဲမှာလည်း ပါပြီးသား ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရ လျှပ်စစ်ဓာတ်အားပေးစက်ရုံလည်း နဂိုကအစ ရှိပါတယ်။

ဒီကျေးရွာဟာ ကျွန်တော်တို့ စည်ပင် ဖွံ့ဖြိုးလာတဲ့အတွက် ကျွန်တော်တို့ ကျေးရွာကို တိုးချဲ့ဖို့ လိုအပ်လာပါတယ်။ အဲဒီလို တိုးချဲ့ဖို့ လိုအပ်လာတဲ့အခါမှာ ရာဇဝြိုဟ်ကျေးရွာရဲ့ အနောက်ဘက်မှာ ကျွန်တော်တို့ အကျဉ်းဦးစီးဌာန အလုပ်စခန်း၊ ရာဇဝြိုဟ်(၂)ဆိုတဲ့စခန်း ရှိပါတယ်။ အဲဒီ ရာဇဝြိုဟ်(၂)စခန်းအတွက် ကျွန်တော် တို့ ၈က(၁၀၀၀)လောက် ကျွန်တော်တို့ သတ်မှတ်ပြီး သိမ်းယူခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒီလို သိမ်းယူတဲ့နေရာမှာ ရွာရဲ့ စားကျက်မြေ ကျွန်တော်တို့ ပါသွားပါတယ်။ ရွာရဲ့ စားကျက်မြေဆိုတာ ကျွန်တော်တို့ ယခင်က ကျေးရွာအနီးမှာ ဂျပန်ခေတ်က လေယာဉ်ကွင်းဟောင်း ရှိပါတယ်။ အဲဒီ လေယာဉ်ကွင်းဟောင်း အပါအဝင် ကျေးရွာရဲ့ အနောက်ဘက်နဲ့ တောင်ဘက် ရွာနယ်မြေအစပ်အထိ ပါသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျေးရွာဟာ တိုးချဲ့စရာဟာ အနောက်ဘက်နဲ့ တောင်ဘက်မှာပဲ ရှိပါတယ်။ ကျွန်တော်တို့ အရှေ့ဘက်နဲ့ မြောက်ဘက်မှာက ချောက်ကမ်းပါး ဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီကျေးရွာဟာ ရွာတိုးချဲ့ရန်မြေဟာ အကျဉ်းဦးစီးဌာနပိုင် ဖြစ်နေတဲ့အတွက် အခက်အခဲ ဖြစ်လာပါတယ်။ အဲဒီတော့ ဒီအကျဉ်းဦးစီးဌာနအနေနဲ့ လည်း ဒါဟာ ၈က(၁၀၀၀)အနက် ဆောင်ရွက်လုပ်ကိုင်နေတာဟာ ၈က(၅၀၀၊ ၆၀၀)လောက်ပဲ ရှိတယ်လို့ သိရှိရပါတယ်။ အဲဒီတော့ နောက်တစ်ခါ ကျွန်တော် ပြောချင်တာကတော့ ဒီ ကျွန်တော် အခု တင်ပြခဲ့တဲ့ မေးခွန်းဟာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ က ဖြစ်ပါတယ်။ ဇူလိုင်လ ဖြစ်ပြီးတဲ့အခါမှာ အခု ကျွန်တော်တို့ ဒီသြဂုတ်လမှာ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေနဲ့ မြေလွတ်မြေရိုင်းဥပဒေ၊ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ ထွက်လာတဲ့အခါမှာ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနအနေနဲ့

ဒီမြေလွတ်မြေရိုင်းတွေဟာ အစိုးရပြောတဲ့ ဥပဒေ၊ နည်းဥပဒေတို့နဲ့ရော ညီညွတ်ရဲ့လားဆိုတာ ပြန်လည်ကြည့်ရှုဖို့ လိုပါတယ်။

ဒါ ကျွန်တော်တို့ ဘာကြောင့်လဲဆိုလို့ရှိရင် ကျေးရွာတွေမှာ ကျွန်တော်တို့ ရောက်ရှိတဲ့အခါမှာ ဥပဒေ၊ နည်းဥပဒေတွေကို ကျွန်တော်တို့ လိုက်လံရှင်းလင်း နေတဲ့ အဖွဲ့အစည်းတွေ ရှိပါတယ်။ အဲဒီလို အဖွဲ့အစည်းရှိတဲ့အခါမှာ ဒီဥပဒေ၊ နည်းဥပဒေနဲ့ ညီညွတ်ရဲ့လားဆိုတာကို သူတို့ကလည်း ထောက်ပြပြောဆိုလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီဟာလေးကို ထည့်သွင်းပြောဆိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးချင်တဲ့ မေးခွန်းကတော့ ကျေးရွာအခက်အခဲကို ဖြေရှင်းပေးတဲ့အနေနဲ့ ရွာနဲ့ကပ်လျက်ဖြစ်တဲ့ စိုက်ကွင်းမြေများကို ရွာမြေ တိုးချဲ့ပေးနိုင်ရန်အတွက် ကျွန်တော်တို့ ကျေးရွာသို့ ပြန်လည်ပေးအပ်လိုခြင်း ရှိ/မရှိ ကို မဲဆန္ဒရှင် ပြည်သူလူထုကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၄၈။

ဒုတိယဥက္ကဋ္ဌ။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၄၈။

ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမဦးစွာ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် ရဲ့ လူနေအိမ်များ တည်ဆောက်ပြီး ကျေးရွာအုပ်စုအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်တဲ့ ဘင်္ဂါလီကျေးရွာများ ဖယ်ရှားရန် ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ္မတော်ကျေးရွာအုပ်စု၊ စံကားတောင်ကျေးရွာမှာ ယခင်က ဘင်္ဂလီလူမျိုးများ နေထိုင်ကြပါတယ်။ ကျောက်တော် သင်္ကြားစက်တည်ဆောက်ဖို့အတွက်ကို ၁၉၈၃-၁၉၈၄ ခုနှစ်မှာ စံကားတောင်ကျေးရွာမှာနေတဲ့ ဘင်္ဂလီလူမျိုးများကို လျော်ကြေးပေးပြီးတော့ ခေါင်းတုတ်ကျေးရွာအုပ်စု၊ ပုံတောင်ချောင်းနဲ့ ဘီလူးကွေ့ တောင်အနီးသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်က တပ်ပိုင်မြေအဖြစ်လိုအပ်လို့ ကျွန်တော် စံကားတောင်ကျေးရွာမှ ပြောင်းရွှေ့နေထိုင်တဲ့ ဘင်္ဂလီလူမျိုးများ နေထိုင်ရာ ပုံတောင်ချောင်းနဲ့ ဘီလူးကွေ့ တောင်မြေနေရာကို တပ်ပိုင်မြေအဖြစ် ရယူဆောင်ရွက်ခဲ့ပြီး အဲဒီဘင်္ဂလီလူမျိုးများကို ထောက်လေမင်တန် ကျေးရွာအုပ်စု၊ လောင်ပန်းကျကျေးရွာ ကွင်းအမှတ်(၇၃၅-အေ) ယိုးစု မြောက်ကွင်း၊ မြေလွတ်(၃)ဧကမှာ နေရာချထားပေးခဲ့ပါတယ်။

လောင်ပန်းကျကျေးရွာမှာ ပြောင်းရွှေ့နေထိုင်ကြတဲ့ ဘင်္ဂလီလူမျိုးများက သူတို့နေရာမှာ လုပ်ကိုင်စားသောက်ဖို့ အဆင်မပြေတဲ့အတွက် နဂရာကျေးရွာအုပ်စု ကွင်းအမှတ် (၇၅၂-အေ) ပီဝကွင်းမှာရှိတဲ့ မြေလွတ်မြေရိုင်းမှာ ကြံစိုက်ပျိုးနေတဲ့ နဂရာကျေးရွာနေ ဦးထွန်းမြသာ ပါ (၆)ဦး ဆီကနေပြီးတော့ ကြံစိုက်ပျိုးခဲ့တဲ့ မြေ(၉)ဧကကို သဘောတူဝယ်ယူရောင်းချခဲ့ခြင်းဖြစ်ကြောင်းနဲ့ ယခု လက်ရှိနေထိုင်တဲ့ နဂရာကျေးရွာအုပ်စု၊ နဂရာကျေးရွာနဲ့ ရုပ်သားကျေးရွာအကြားမှိုင်းချောင်းဝမှာ ပြောင်းရွှေ့ရောက်ရှိ နေထိုင်ခဲ့ခြင်းသာဖြစ်ပြီးတော့ တရားဝင် နေရာချထားပေးခြင်းမရှိကြောင်းနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများစာရင်းမှာလည်း ပါရှိခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့ စံကားတောင်ကျေးရွာမှ ဘင်္ဂလီလူမျိုးများရဲ့ လက်ရှိရွှေ့ပြောင်းနေထိုင်မှုအခြေအနေက အိမ်ခြေ(၈၆)အိမ်၊ အိမ်ထောင်စု(၉၀)၊ ကျား(၂၆၄)ဦး၊ မ(၃၃၅)ဦး ပေါင်း (၅၉၉)ဦး ဖြစ်ပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်းမှာ ဆူပူအကြမ်းဖက်မှု မီးရှို့မှုဖြစ်စဉ်များကြောင့် အဲဒီကျေးရွာမှ ရွာသားများက ကုလားတန်မြစ် အရှေ့ဘက်ကမ်းမှာရှိတဲ့ ခေါင်းတုတ်ရွာနဲ့ ကျောက်တော်သင်္ကြားစက်မှာရှိတဲ့ ဘင်္ဂလီဝန်ထမ်း နေအိမ်(၁၅)လုံးမှာ မှီခိုနေထိုင်ကြောင်း သိရပါတယ်။ အဲဒီ စံကားတောင်ကျေးရွာမှ ရွှေ့ပြောင်းဘင်္ဂလီလူမျိုးများကို သီးခြားနေရာချထားပေးဖို့ လိုအပ်ပါက ယခင် နေရာချထားပေးခဲ့တဲ့ လောင်ပန်းကျကျေးရွာမှာ မြေလွတ်(၃)ဧက

ရှိနေပေမယ့်လည်း ရခိုင်တိုင်းရင်းသားကျေးရွာနေရာ ဖြစ်နေပြီဖြစ်တဲ့အတွက် အခြားဘင်္ဂလီ ကျေးရွာဖြစ်ပြီး သူတို့နဲ့ နီးစပ်တဲ့ ခေါင်းတုတ်ကျေးရွာအုပ်စုမှ ခေါင်းတုတ်ရွာ၊ အလယ်ကျွန်း ကျေးရွာအုပ်စုမှ အလယ်ကျွန်းရွာနဲ့ ရတနာပုံကျေးရွာအုပ်စုမှ ရတနာပုံကျေးရွာ များကို ဖြန့်ခွဲ နေရာချထားပေးသွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ တင်ပြလာ ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးက လက်ရှိ အကောင်အထည် ဖော်ဆောင်ရွက်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှ တိမ်းစောင်းမသွားရေး၊ ကမ္ဘာ့နိုင်ငံများရဲ့ မျက်မှောက်အခြေအနေ စသည်တို့နဲ့ ချိန်ထိုးပြီးတော့ နိုင်ငံအတွင်း တရားမဝင် ခိုးဝင်မှုများ တားဆီးရေး၊ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ ထပ်မံမဖြစ်ပွားအောင် တားဆီးရေး၊ မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲနဲ့ လိုက်လျောညီထွေရှိပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ မဖြစ်စေဘဲ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမို ဖန်တီးပေးနိုင်ရေး၊ တိုင်းရင်းသားများရဲ့ စိုးရိမ်ပူပန်မှုများ၊ ဆန္ဒသဘောထားများကို ထည့်သွင်း စဉ်းစားပြီး အလေးထား ဖြေရှင်းဆောင်ရွက်ရေးစတဲ့ အခန်းကဏ္ဍများအလိုက် မူဝါဒများ ချမှတ်ပြီး ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း ရေးဆွဲလျက်ရှိရာမှာ အရေးပေါ်ကာလနဲ့ ပြန်လည်တည်ငြိမ်ဖွံ့ဖြိုးရေးကာလဆိုပြီး ခွဲခြားပြီးတော့ အပိုင်းလိုက်၊ အဆင့်လိုက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ပေးလျက်ရှိတဲ့ အဖွဲ့များအနေနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး ကြုံတွေ့နေရတဲ့ အခက်အခဲ ပြဿနာအသီးသီးကို ဒေသအတွင်း ညှိနှိုင်းပေါင်းစပ်ပြီး ဖြေရှင်းဆောင်ရွက်ပေး လျက်ရှိသကဲ့သို့ အထက်ဌာနကို တင်ပြရမယ့်ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း အဆိုပါ အဖွဲ့များနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့က နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ဆက်လက်တင်ပြ ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများနဲ့ ပတ်သက်လို့ ဖြစ်စဉ်ဖြစ်ရပ်မှန် ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နဲ့ အမျိုးသားအကျိုးစီးပွား တိုးတက်ဖို့အတွက်ကို သုံးသပ်ချက်နဲ့တကွ အကြံပြုတင်ပြဖို့ နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ်၊

ဩဂုတ်လ ၁၇ ရက်နေ့မှာ အမိန့်ကြော်ငြာစာနဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ကဏ္ဍစုံမှ ပုဂ္ဂိုလ်(၂၇)ဦးနဲ့ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ ပဋ္ဌိပက္ခများဟာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုစီးပွားရေး အခြေအနေများကို ပိုမိုဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါတယ်။ အဲဒီအခြေအနေများမှ လွတ်မြောက်စေနိုင်ပြီး တစ်ခုတည်းဖြစ်တဲ့ ထွက်ပေါက်ကတော့ ပဋ္ဌိပက္ခများ ချုပ်ငြိမ်းစေပြီး သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ထွန်းရေးပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရခိုင်တိုင်းရင်းသားများနဲ့ ဘင်္ဂလီများအကြား အပြန်အလှန် နားလည်မှုနဲ့ အတူတကွ ယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ထွန်းရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ရခိုင်တိုင်းရင်းသားများနဲ့ ဘင်္ဂလီများရဲ့ ပဋ္ဌိပက္ခကို စိစစ်သုံးသပ်ဆုံးဖြတ်ချက်ချဖို့ သီးခြားလွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဆိုပါ ကော်မရှင်ရဲ့သုံးသပ်ချက်နဲ့ အကြံပြုချက် အစီရင်ခံစာများအပေါ် မူတည်ပြီး ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်ပဋ္ဌိပက္ခများ ကြိမ်ဖန်များစွာ ဖြစ်ပွားခဲ့မှုများကို သင်ခန်းစာ ရယူဆင်ခြင်သုံးသပ်ပြီး အမျိုးသားအကျိုးစီးပွား တိုးတက်ဖို့အတွက် နယ်စပ်လုံခြုံရေး၊ နယ်မြေအုပ်ချုပ်ရေးနဲ့ လူဝင်/လူထွက် စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာမြောက်ရေတို၊ ရေရှည် အထူးအစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်း မြို့စွန်ရှိ ဘင်္ဂလီလူမျိုးရပ်ကွက်နဲ့ ကျေးရွာများရဲ့ လူနေဧရိယာ တဖြည်းဖြည်း ကြီးကျယ်ပြန့်ကားမှုသည် မြို့ပြအက်ဥပဒေနဲ့ ကျေးရွာ အက်ဥပဒေများနဲ့အညီ တရားဝင် ရပ်ကွက် သို့မဟုတ် ကျေးရွာများ ဟုတ်/မဟုတ် ဥပဒေနဲ့ မညီပါက နောင်တွင် ယင်းတို့ရဲ့ လူနေအိမ်ရာ နယ်နိမိတ်များကို သတ်မှတ်ပေးပြီး ထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ခရိုင်(၄)ခုရှိတဲ့အနက် ကျွန်တော်တို့ စစ်တွေခရိုင်နဲ့ မောင်တောခရိုင်ကို ရခိုင်ပြည်နယ်(မြောက်ပိုင်း)လို့ ခေါ်ဆိုပြီးတော့ ကျောက်ဖြူခရိုင်နဲ့ သံတွဲခရိုင်ကိုတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်(တောင်ပိုင်း)လို့ ခေါ်ဆိုလေ့ ရှိပါတယ်။ စစ်တွေခရိုင်ကို စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်တို့နဲ့ ဖွဲ့စည်းထားရှိပါတယ်။ စစ်တွေခရိုင်မှာ အိမ်ခြေ(၂၄၄၅၆၈)အိမ်၊ အိမ်ထောင်စု(၂၅၉၃၈၅)စုနဲ့ လူဦးရေ စုစုပေါင်း(၁၄၃၅၄၉၀)ဦး နေထိုင်လျက်ရှိပြီး ဘင်္ဂါလီလူမျိုး (၂၈၈၅၃၀)ဦး၊ (၁၈.၀၁)ရာခိုင်နှုန်း၊ ရခိုင်တိုင်းရင်းသား (၁၀၄၄၈၆၃)ဦး၊ (၇၂.၇၉)ရာခိုင်နှုန်း၊ အခြားတိုင်းရင်းသားများ (၁၂၈၅၈၂)ဦး၊ (၈.၉၆)ရာခိုင်နှုန်းနဲ့ နိုင်ငံခြားသား(၃၅၁၅)ဦး၊ (၀.၂၄)ရာခိုင်နှုန်း တို့ဖြစ်ကြောင်း သိရှိရပါတယ်။

မောင်တောခရိုင်ကို မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ တောင်ပြုလက်ဝဲမြို့နယ်ခွဲတို့နဲ့ ဖွဲ့စည်းထားရှိပါတယ်။ တစ်ဖက် ဘင်္ဂလားဒေ့ရ်နိုင်ငံနဲ့ (၁၆၈.၅၇)မိုင်ခန့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ မောင်တောခရိုင်မှာ အိမ်ခြေ(၁၀၆၁၁၆)အိမ်၊ အိမ်ထောင်စု(၁၀၅၅၆၃)စုနဲ့ လူဦးရေစုစုပေါင်း (၈၀၅၅၂၂)ဦးနေထိုင်လျက်ရှိပြီး ဘင်္ဂါလီလူမျိုး(၇၂၈၄၁၉)ဦး၊ (၉၀.၄၂) ရာခိုင်နှုန်း၊ ရခိုင်တိုင်းရင်းသား(၄၃၅၃၇)ဦး၊ (၅.၄)ရာခိုင်နှုန်း၊ အခြားတိုင်းရင်းသား(၃၃၂၆၉)ဦး၊ (၄.၁၃) ရာခိုင်နှုန်းနဲ့ နိုင်ငံခြားသား(၂၉၇)ဦး၊ (၀.၀၃၆)ရာခိုင်နှုန်းတို့ဖြစ်ကြောင်း သိရှိရပါတယ်။ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မောင်တောခရိုင်အတွင်းမှာ စံပြကျေးရွာ(၃၆)ရွာကို အိမ်ခြေ(၂၇၆၈)အိမ်၊ လူဦးရေ(၁၂၂၆၃)ဦးနဲ့ တည်ထောင်ပေးခဲ့ပါတယ်။ အဲဒီစံပြကျေးရွာများမှာ နေထိုင်တဲ့ မိသားစုများ လုပ်ကိုင်စားသောက်နိုင်ဖို့အတွက်ကို မိသားစုတစ်စုလျှင် လယ်(၂)ဧကမှ (၃)ဧကအထိကို မူရင်းတိုင်းရင်းသားများပိုင် လယ်မြေများနဲ့ မြေလွတ်မြေရိုင်းများကို တိုးချဲ့ဖော်ထုတ် ခွဲဝေချထားပေးခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရတဲ့ ကိစ္စရပ်များကို မူလအခြေအနေ အမြန်ရောက်ရှိအောင် ကွပ်ကဲဆောင်ရွက်နိုင်ဖို့နဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ တည်ငြိမ်အေးချမ်းရေး၊ အကောင်အထည်ဖော်ရေးနဲ့ ပြန်လည်ထူထောင်ရေး၊ ဒေသ

ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းတာဝန်အဖွဲ့(၂)ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဦးစီးပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီးတော့ တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေးအဖွဲ့က ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်းက စတင်ပြီး ဖြစ်ပွားခဲ့တဲ့ ဆူပူအကြမ်းဖက်မှုများကဲ့သို့ အကြမ်းဖက်မှုများ၊ မလိုလားအပ်တဲ့ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး၊ နယ်စပ်ဒေသမှ တရားမဝင် ဝင်ရောက်သူများ မရှိစေရေး၊ တရားမဝင် ဝင်ရောက်သူများကို ရှာဖွေဖော်ထုတ်ပြီး တည်ဆဲဥပဒေများနဲ့အညီ ထိရောက်စွာ အရေးယူရေးနဲ့ ဒေသခံပြည်သူများ လုံခြုံစိတ်ချအေးချမ်းစွာ နေထိုင်စားသောက်နိုင်ရေးအတွက်ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးစီးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပေါင်းစပ်ပြီးတော့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနဲ့ ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးအတွက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ဟန်ချက်ညီညီ လုပ်ဆောင်မယ့် အစီအမံများကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဒေသခံပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေး၊ လုပ်ကိုင်စားသောက်နိုင်ရေးနဲ့ လိုအပ်တဲ့ ထောက်ပံ့ကူညီမှုများ ရရှိနိုင်ရေး အတွက်လည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဒေသတွင်း တာဝန်ရှိတဲ့ အဖွဲ့အစည်းများ၊ NGO, INGO စတဲ့ အသင်းအဖွဲ့များ ပေါင်းစပ်ပါဝင်မှုများနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကယ်ဆယ်ရေး စခန်းများ ထူထောင်ခြင်း၊ လူနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ စားနပ်ရိက္ခာများ ဖြန့်ဝေပေးခြင်းနဲ့ အလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက်ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးက လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှ တိမ်းစောင်းမသွားရေး၊ ကမ္ဘာ့နိုင်ငံများရဲ့ မျက်မှောက်အခြေအနေ စသည်တို့နဲ့ ချိန်ထိုးပြီး နိုင်ငံအတွင်း တရားမဝင်ခိုးဝင်မှုများ တားဆီးရေး၊ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ ထပ်မံမဖြစ်ပွားအောင် တားဆီးရေး၊ မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲနဲ့ လိုက်လျောညီထွေရှိပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်စေဘဲ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရေး၊ တိုင်းရင်းသား

များရဲ့ စိုးရိမ်ပူပန်မှုများ၊ ဆန္ဒသဘောထားများကို ထည့်သွင်းစဉ်းစားပြီး အလေးထား ဖြေရှင်း ဆောင်ရွက်ရေးစတဲ့ အခန်းကဏ္ဍများအလိုက် မူဝါဒများချမှတ်ပြီး ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ် အစိုးရတို့ ပေါင်းစပ်ညှိနှိုင်းရေးဆွဲလျက်ရှိရာမှာ အရေးပေါ်ကာလနဲ့ ပြန်လည်တည်ငြိမ်ရေး ဖွံ့ဖြိုးရေး ကာလဆိုပြီး ခွဲခြားပြီးတော့ အပိုင်းလိုက်၊ အဆင့်လိုက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ဆောင်ရွက် ပေးလျက်ရှိတဲ့ အဖွဲ့အစည်းများအနေနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး ကြုံတွေ့နေ ရတဲ့ အခက်အခဲ ပြဿနာများကို ဒေသအတွင်း ညှိနှိုင်းပေါင်းစပ်ပြီး ဖြေရှင်းပေးလျက်ရှိသကဲ့သို့ အထက်ဌာနသို့ တင်ပြဆောင်ရွက်ရမယ့် ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း အဆိုပါအဖွဲ့ များနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့က နိုင်ငံတော်သမ္မတရုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့တဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရတဲ့ ကိစ္စရပ်များကို စုံစမ်းဖော်ထုတ်နိုင်ဖို့ နိုင်ငံတော် သမ္မတရုံးက ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၁၇ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်၊ ၅၈/၂၀၁၂ နဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ကဏ္ဍစုံက ပုဂ္ဂိုလ်(၂၇)ဦးနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီလို စုံစမ်း စစ်ဆေးရေးကော်မရှင်က ဖြစ်စဉ်ဖြစ်ရပ် အမှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးဖို့နဲ့ အမျိုးသား အကျိုးစီးပွားတိုးတက်ရန် သုံးသပ်ချက်နဲ့တကွ အကြံပြုတင်ပြရမှာ ဖြစ်ပါတယ်။

အဲဒီလို စုံစမ်းစစ်ဆေးရာမှာ အမျိုးသားအကျိုးစီးပွား တိုးတက်ရေးကို အကြံပြုရန် အတွက် အဓိကထားရမယ့် အချက်များကတော့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော ပဋိပက္ခဖြစ်ပွားရခြင်း အကြောင်းရင်းများ၊ ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးဒဏ်ရာရမှုများ၊ ပျက်ဆီးဆုံးရှုံးမှုများနှင့် အခြားထိခိုက်မှုများ၊ တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက်ကို ဥပဒေ စိုးမိုးရေးဆောင်ရွက်မှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု၊ ပဋိပက္ခချုပ်ငြိမ်းရေးအတွက်ကို ရေတို၊ ရေရှည် ဆောင်ရွက်သင့်သည့် အချက်များ၊ ကွဲပြားသော ဘာသာ အယူဝါဒရှိသူ၊ မတူညီသည့် လူမျိုးစုများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် နည်းလမ်းများ၊ ဥပဒေစိုးမိုးရေး အကြံပြုချက်များ၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကြံပြုချက်များ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋ္ဌိပက္ခများက တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါတယ်။ ဒီအခြေအနေများက လွတ်မြောက်စေနိုင်တဲ့ တစ်ခုတည်းသော ထွက်ပေါက်ကတော့ ပဋ္ဌိပက္ခများ ချုပ်ငြိမ်းစေတဲ့ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ထွန်းရေးပဲ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားများနဲ့ ဘင်္ဂလီများအကြား အပြန်အလှန်နားလည်မှုနဲ့အတူတကွ ယှဉ်တွဲနေထိုင်နိုင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်ထွန်းရေးအတွက်ကို ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးနဲ့ စစ်ရေးလိုအပ်ချက်အရ နိုင်ငံတော်လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေးအတွက်ကို မော်တင်စွန်းမှ နတ်မြစ်ဝအထိ ရခိုင်ပင်လယ်ပြင်ကို တပ်မတော်(ရေ)က တာဝန်ယူပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။

အင္ဂူမော်မှ နတ်မြစ်ဝ၊ နတ်မြစ်ဝမှ နယ်နိမိတ်တစ်လျှောက်မှာ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်က တပ်ဖွဲ့ဝင်များနဲ့ နယ်မြေ(၁၁)ခု၊ စခန်း(၃၂)ခုနဲ့ ကုန်းပိုင်း ဆက်စပ်နယ်နိမိတ်များ၊ မြစ်ဝ၊ ချောင်းဝများနဲ့ ရေပြင်ဆက်စပ်နယ်နိမိတ်များမှာ ကင်းစခန်းများထားရှိခြေကုတ်ယူပြီး လုံခြုံရေးဆောင်ရွက်ခြင်း၊ နတ်မြစ်ဝတစ်လျှောက် ရေပြင်ဆက်စပ်နယ်နိမိတ်များမှာ ကင်းလှည့်ရေယာဉ်များနဲ့ လုံခြုံရေးဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုကျူးလွန်သူများနှင့် တရားမဝင် ဝင်/ထွက် သွားလာသူများကို လုံခြုံရေးအရစောင့်ကြပ်ထိန်းသိမ်းရန်နဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေကြောင်းရဲတပ်ဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂၄/၂၀၁၂) ရဲ့ ခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှာ ဖွဲ့စည်းမိန့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့ခွဲ တစ်ခုကို ကျောက်ဖြူဆိပ်ကမ်းနဲ့ ရေကြောင်းရဲတပ်ဖွဲ့စုနှစ်စုကို စစ်တွေနဲ့ သံတွဲဆိပ်ကမ်းများမှာ ဖြန့်ခွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှာ တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ဖွဲ့စည်းခြင်း၊ လက်ရှိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေတဲ့ ရဲစခန်း(၇၅) ခု အပြင် ရဲစခန်း(၃၀)ခု တို့ကို အသစ်ထပ်မံဖွင့်လှစ်ဖို့နဲ့ ရဲစခန်း(၈)ခုကိုလည်း အဆင့်တိုးမြှင့်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မောင်တောခရိုင်အတွင်း တစ်ဖက်နိုင်ငံနဲ့ ထိစပ်နေတဲ့ နယ်မြေတစ်လျှောက်မှာ နယ်စပ်ခြံစည်းရိုးများ ကာရံခြင်းကို မောင်တောမြို့ မြောက်ပိုင်းမှစတင်ပြီး မောင်တောမြို့တောင်ပိုင်း တုံးချောင်းဝ

အထိ နယ်စပ်ခြံစည်းရိုး ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်မှုမရှိစေရေးအတွက် ခေတ်မီလုံခြုံရေးစနစ်၊ ထောက်လှမ်းရေးကိရိယာများနဲ့ ခေတ်မီ ဆက်သွယ်ရေးစနစ်များ အသုံးပြုပြီး တားဆီးကာကွယ်နိုင်ရေးအတွက် ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အတွင်း တရားမဝင်နေထိုင်သူများ မရှိစေရေးအတွက် သက်ဆိုင်ရာဌာန များက ပြည်နယ်အသီးသီးမှာ ရှောင်တခင်စစ်ဆေးခြင်း၊ ကုန်းလမ်း၊ ရေဆိပ်၊ လေဆိပ်နဲ့ ပင်လယ် ကမ်းခြေ ဝင်/ထွက်ပေါက်များ စစ်ဆေးရေးဂိတ်များမှ စစ်ဆေးခြင်း၊ မြစ်ကြောင်းများမှာ ရှောင်တခင် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဌာနများကလည်း ခိုးဝင်၊ ခိုးထွက်မှုများ မရှိစေရေးအတွက် ရပ်ကွက်/ကျေးရွာများကို မြေပုံဆွဲခြင်း၊ အဆောက်အဦ မှတ်ပုံတင်ခြင်း၊ လူဦးရေစာရင်း စစ်ဆေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့ပြအက်ဥပဒေနဲ့ ကျေးရွာအက်ဥပဒေတို့ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ၂၀၁၂ ခုနှစ်၊ လွှတ်တော် ဥပဒေအမှတ် ၁ နဲ့ ရုပ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။

အဲဒီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ အခန်း(၇) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ လုပ်ငန်းတာဝန်များ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ပ) မှာ နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက် မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်စုအသစ် ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ် ဖွဲ့စည်းခြင်း၊ နေအိမ် အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကို တားမြစ်ခြင်း၊ မလိုက်နာပါက အရေးယူရန် အကြောင်း ကြားခြင်းနဲ့ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(မ)မှာ ရွာမြေများအတွက်နှင့် ရွာမြေများအတွင်း မြေနေရာများကို ချထားပေးမည်ဆိုပါက မြို့နှင့် ကျေးရွာများ ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရန်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ယခုလက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာများရဲ့ နယ်နိမိတ်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီး ဌာနမှ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်

များမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာများ၏ နယ်နိမိတ် သတ်မှတ်ချက်စာအုပ်ပါ ဖော်ပြချက်များအတိုင်း အတည်ဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာများ တိုးချဲ့ဆောက်လုပ်ခြင်းတို့ကို တည်ဆဲ မြို့နဲ့ ကျေးရွာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေမယ့် လုပ်ရပ်များ၊ ပြစ်မှုများ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် ကြံစည်အားထုတ်ခြင်းတို့အပေါ် ကာကွယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရေရှည်ဆောင်ရွက်ရမည့်အစီအမံများ ချမှတ်ကာ ကြိုတင်ပြင်ဆင်မှုများကိုလည်း အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဘင်္ဂလီရပ်ကွက်နဲ့ ကျေးရွာများရဲ့ လူနေဇရိယာ တဖြည်းဖြည်း ကြီးကျယ်ပြန့်ကားလာမှုများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့အနေနဲ့ ကွင်းဆင်းစစ်ဆေးကြပ်မတ် ထိန်းချုပ်လျက်ရှိပါကြောင်းနှင့် ဥပဒေနဲ့ မညီညွတ်ပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် မှ ရာဇဝြိုဟ်ကျေးရွာ ရွာမြေ တိုးချဲ့နိုင်ရန် အကျဉ်းဦးစီးဌာနမှ သိမ်းယူထားသော ကျေးရွာစားကျက်မြေများအတွက် ရွာနှင့်ကပ်လျက်ရှိနေသော မြေများကို ပြန်လည်ပေးအပ်လိုခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဝြိုဟ်ကျေးရွာမှာ အကျဉ်းဦးစီးဌာနက ရာဇဝြိုဟ်(၂)စခန်းကို ၁၉၉၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ရာသီသီးနှံ စိုက်ပျိုးနိုင်ဖို့အတွက်ကို ကလေးမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနကို မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ရန် လုပ်ပိုင်ခွင့်၊ ခွင့်ပြုမိန့်ကို အကျဉ်းဦးစီးဌာနက လျှောက်ထား ခဲ့ရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၅၉၁/မယ(ဖ)(၁၁)/၂၀၀၄ အရ ကလေးမြို့ မြေစာရင်း ဦးစီးဌာနရဲ့

၂၀၀၅ ခုနှစ်၊ မေလ ၁၈ ရက်စွဲပါစာအမှတ်၊ ဝ၆၄/မ အ-၃(မြေရိုင်း)ဖြင့် မြေပုံနှင့်တကွ ဖုန်းဆိုးမြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း(၁၁၄၇)ဧကကို လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာနပိုင် စိုက်ပျိုးမြေအဖြစ် သတ်မှတ်ပေးရာမှာ အဲဒီကာလက မည်သူတစ်ဦး တစ်ယောက်မျှ လုပ်ကိုင်ပိုင်ဆိုင်ခြင်းမရှိတဲ့ တောရိုင်းမြေနဲ့ မြေလွတ်မြေရိုင်းများကိုသာ ချမှတ်ပေးခဲ့ခြင်းဖြစ်လို့ လျော်ကြေးငွေပေးချေရခြင်း မရှိကြောင်း သိရှိရပါတယ်။

ယခုအခါမှာ အကျဉ်းဦးစီးဌာနရဲ့ ဖွဲ့စည်းပုံအသစ်အရ အမြဲတမ်းစခန်းအဖြစ် သတ်မှတ်ထားပြီးဖြစ်လို့ မိုးစပါး/နွေစပါး(၂၅၀)ဧကနဲ့ စီမံကိန်းသီးနှံများဖြစ်တဲ့ ပဲတီစိမ်း၊ ပဲယင်းနဲ့ နေကြာ(၂၃၅)ဧက စုစုပေါင်း(၄၈၅)ဧကကို စိုက်ပျိုးလျက်ရှိပါတယ်။ မြေစာရင်းဦးစီးဌာနက လုပ်ကိုင်ခွင့်ပြုထားတဲ့ မြေလွတ်မြေရိုင်း(၁၁၄၇)ဧကအနက် တောရှင်းငုတ်ထုတ်ပြီး စိုက်ပျိုးနိုင်တဲ့ ဧရိယာက(၄၈၅)ဧက၊ စခန်းအဆောက်အဦနဲ့ လုံခြုံရေးဧရိယာ(၄)ဧက၊ စုစုပေါင်း(၄၈၉)ဧကကိုသာ အသုံးပြုနိုင်ပြီး ကျန်(၆၅၈)ဧကကတော့ လမ်းဧရိယာ(၁၅)ဧကနဲ့ လျှို့မြောင်၊ တောင်ကုန်းနဲ့ တောရိုင်းအဖြစ် ကျန်ရှိနေတဲ့ တစ်ဆက်တစ်စပ်တည်းမဟုတ်တဲ့ မြေဧရိယာ(၆၄၃)ဧကတို့ပဲ ဖြစ်ပါတယ်။ ရာဇဝြိုဟ်ကျေးရွာမှ ရွာမြေတိုးချဲ့လိုသောနေရာက ရွာရဲ့ အနောက်ဘက်နဲ့ တောင်ဘက်မှာ ကပ်လျက်တည်ရှိတဲ့ အကျဉ်းစီးဌာနရဲ့ ဆောင်းသီးနှံ၊ ပဲတီစိမ်း၊ ပဲယင်း၊ နေကြာနဲ့ စိုက်ပျိုးတဲ့ စုစုပေါင်း(၂၃၅)ဧက စိုက်ပျိုးထားတဲ့ ယာမြေအတွင်း ဖြစ်တယ်လို့ ယူဆရပါတယ်။

ရာဇဝြိုဟ်ကျေးရွာအနေနဲ့ ကျေးရွာတိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်ပါက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၄ အရ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတ က လိုအပ်သလို ဆောင်ရွက်ပေးရမည် ဟူသော ပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အကျဉ်းဦးစီးဌာန၊ ရာဇဝြိုဟ်(၂)အလုပ်စခန်းက စိုက်ပျိုး လုပ်ကိုင်လျက်ရှိတဲ့ မြေဧရိယာများအနက် ရာဇဝြိုဟ်ကျေးရွာ တိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်ပါက စစ်ကိုင်းတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောတူညီကြောင်း အစည်းဝေးမှတ်တမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့

ထောက်ခံချက်တို့နဲ့အတူ နိုင်ငံတော်သမ္မတရုံးကို လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲပေးပို့တင်ပြ သွားရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

အချိန်၊ ၁၁း၁၀။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမ အကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ၃-၉-၂၀၁၂ တွင် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီက တင်သွင်းသည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး က အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၁၀။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများအား စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခတို့နဲ့ ပြည့်စုံပြီး ကျက်သရေ မင်္ဂလာအပေါင်းနဲ့လည်း ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ဒါ ကျွန်မတို့ အမျိုးသမီးတစ်ယောက်အနေနဲ့ ဆွေးနွေးတင်ပြပြီးတော့ အစီရင်ခံသွားမှာဖြစ်ပါတယ်။ အဲဒီ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းတဲ့အခါ တုန်းက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ညွှန်ကြားချက်အရ သူက ကော်မတီ၏ ဆောင်ရွက်ချက်များကနေစပြီးတော့ ဖတ်ကြားပြီးတော့ တင်သွင်းသွားတာ ဖြစ်ပါတယ်။

အဲဒီမှာ အခု ကျွန်မက လိုအပ်တဲ့အတိုင်း ကျွန်မ ဒီကနေပြီးတော့ နိဒါန်းကနေ စပြီးတော့ ကျွန်မ ဆွေးနွေးချင်ပါတယ်။ သူ့ရဲ့ အစီရင်ခံစာမှာ နိဒါန်းကနေပြီးတော့ နိဂုံးအထိ အားလုံးပေါင်း အပိုဒ်ပေါင်း(၆၄)ပိုဒ်နဲ့ အစီရင်ခံတင်ပြထားတာ ဖြစ်ပါတယ်။ ဒီမှာ နိဒါန်းမှာတော့ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အမျိုးသမီးတွေနဲ့ လူငယ်လေးတွေရဲ့ ကလေးသူငယ်ရဲ့ အခြေအနေကို သူက နိဒါန်းအနေနဲ့ တင်ပြထားပြီးတဲ့အခါကျတော့မှ နောက် ရည်ရွယ်ချက်က ရည်ရွယ်ချက် (၅)ချက်ကို သူက တင်ပြထားပါတယ်။

အဲဒီ ရည်ရွယ်ချက်(၅)ချက်မှာ ဘာတွေပါသလဲဆိုတဲ့အခါကျတော့ (က) ကတော့ အမျိုးသမီးများနဲ့ ကလေးသူငယ်များ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် ကူညီ ဆောင်ရွက်ပေးရန်၊ (ခ) အမျိုးသမီးများနဲ့ ကလေးသူငယ်များ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးခြင်း ခံရမှု၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ အလုပ်ခိုင်းစေခြင်းမှ ကာကွယ်စောင့်ရှောက် သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးနဲ့ အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊ နောက် (ဂ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနဆိုင်ရာ၊ အဖွဲ့အစည်း များက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် ဒီ(ဂ)ကိုလည်း ကျွန်မက ဆွေးနွေးမှာ ဖြစ်ပါတယ်။

နောက်တစ်ခါ (ဃ) ဖြစ်တဲ့ တည်ဆဲဥပဒေများနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့် ထိန်းညှိကူညီရန်၊ နောက် (င)က ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်များ၊ ပြဋ္ဌာန်းချက်များ၊ သဘောတူညီချက်များကို လိုက်နာဆောင်ရွက်နေသည့် အခြေအနေကို လေ့လာနိုင်ရန်ဆိုပြီးတော့ သူက (၅)ချက်၊ ဒီမှာ ဒီကော်မတီရဲ့ ရည်ရွယ်ချက်(၅)ချက်ကို သူက ဖော်ပြထားပါတယ်။ ဖော်ပြထားပြီးတော့မှ နောက် ကော်မတီရဲ့ တာဝန်(၁၄)ရပ်ကိုလည်း သူက ဖော်ပြထားပါတယ်။ အဲဒီ တာဝန်(၁၄)ရပ် ပြီးတဲ့အခါကျတော့မှ တာဝန်(၁၄)ရပ်ထဲမှာလည်း အမျိုးသမီးတွေနဲ့ ပတ်သက်တာတွေက တော်တော်များများပါပါတယ်။

အဲဒီတော့ ကျွန်မက (ခ)၊ (၃) သူတို့ဖော်ပြထားတဲ့တာဝန်ထဲက (ခ)၊(၃)။ (ခ)၊(၃) က ဘာလဲဆိုတော့ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော အမျိုးသမီးများနှင့် ကလေးသူငယ်များဆိုင်ရာ ဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ပတ်သက်ပြီးတော့ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန် လိုအပ်သည်ဟု တွေ့ရှိက လွှတ်တော်သို့ တင်ပြခြင်းဆိုတာ ဒါကတော့ ကော်မတီရဲ့ တာဝန်ဖြစ်ပါတယ်။ ကော်မတီက ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်မ နောက်ပိုင်းမှာ နည်းနည်းဆွေးနွေးသွားချင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့အတွက်ကတော့ ဒါဟာ လိုအပ်တယ်လို့ ထင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မ ဒါလေးတွေကိုတော့ တင်ပြခွင့်ပြုပါ။ “မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာ နီတိ၊ တတ်မသိအံ့၊ မျက်စိစုံကမ်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏” တဲ့။ ကျွန်မတို့ ငယ်ငယ်လေးက ကျွန်မတို့ ကျောင်းနေတဲ့အခါမှာ ကျွန်မတို့ လောကီ၊ လောကုတ္တရာ စာတွေ သင်ရပါတယ်။ အဲဒီသင်ပြီးတဲ့အခါကျတော့မှ ဒါလောကကြီးမှာ တွေ့လာတဲ့ အတွေ့အကြုံတွေနဲ့ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေတွေနဲ့ ကျွန်မတို့က နှိုင်းယှဉ်ပြီးတဲ့အခါကျတော့မှ ဝေဖန်တာ၊ သုံးသပ်တာ၊ ဆုံးဖြတ်တာ အဲဒါမျိုးတွေကို ကျွန်မတို့ ဆောင်ရွက်ရပါတယ်။

ဒါ ကျွန်မတို့ မြန်မာနိုင်ငံတော်မှာတော့ တောင်သူလယ်သမား၊ နောက်တစ်ခါ ကုန်သည်ပွဲစား၊ နောက်တစ်ခါ မင်းအမတ် သို့မဟုတ် ပြည်သူ့ဝန်ထမ်း၊ နောက် အကြားအမြင်၊ သီတင်းသီလနှင့် ပြည့်စုံသော ရဟန်း ထို(၄)မျိုး ပြန့်ပြောထွန်းကားသော် တိုင်းပြည်/မြို့ရွာ ပြန့်ပြောသာယာသည် ဆိုတော့ ကျွန်မတို့ဟာ ဒါဟာ ကျွန်မတို့ နိုင်ငံတော်အတွက် ဥပဒေပြုအာဏာကို ကိုင်စွဲပြီးတော့ နိုင်ငံတော်အတွက် ဒါဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍအသီးသီး အကုန်လုံးအတွက် ကျွန်မတို့က ဥပဒေပြုပြီးတဲ့ အခါကျတော့ ပြည်သူလူထုများ လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတဲ့ ရှေ့တန်းကပုဂ္ဂိုလ်များ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ဟာ လိုအပ်တာတွေကို ပြည်သူလူထုကို ဥယျာဉ်မှူးလိုပဲ သေသေချာချာ စောင့်ကြည့်ပြီးတဲ့ အခါကျတော့မှ လိုအပ်တာတွေ၊ သူတို့ ဖြစ်ပျက်နေတာတွေ၊ အကုန်လုံး လေ့လာပြီး လိုအပ်တာတွေကို ကျွန်မတို့က ပြောပေးရမယ်။ နောက်တစ်ခါ ဖြည့်စွမ်းပေးရမယ်။

ဥပဒေတွေလည်း လိုအပ်တယ်ဆိုလို့ရှိရင် ပြင်ဆင်တာ၊ ဖြည့်စွက်တာ၊ ဆောင်ရွက်တာ၊ ဒါမျိုးတွေ လုပ်ပေးနေရတာ ဖြစ်ပါတယ်။

အဲဒီတော့ကာ ကျွန်မတို့ အမျိုးသမီးကဏ္ဍနှင့် ပတ်သက်လို့ ကျွန်မတို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်နေတဲ့အခါကျတော့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်တယ်။ ကျန်တဲ့အဖွဲ့အစည်းအသီးသီးလည်း ဝင်ထားပါတယ်။ အဲဒီတော့ ကုလသမဂ္ဂမှာဆိုလို့ရှိရင် အခု ကျွန်မတို့က လာမယ့် ၂၀၁၄ ခုနစ်မှာ ကျွန်မတို့က ဒါ ဥက္ကဋ္ဌအနေနဲ့ တာဝန်ယူရမှာလည်း ဖြစ်ပါတယ်။ အဲဒီလို တာဝန်ယူတဲ့အချိန်မှာ အဖွဲ့အစည်းအသီးသီးရဲ့ ဒါ လိုအပ်တဲ့ Forum တွေ၊ ကျွန်မတို့ ဒါကျင်းပပေးကြရမယ်။ ဆောင်ရွက်ပေးကြရမယ်။ အဲဒီအခါမှာ ကျွန်မတို့ မြန်မာနိုင်ငံ အတွင်းမှာရှိနေတဲ့ အမျိုးသမီးအဖွဲ့အစည်းဖြစ်စေ၊ လူငယ်အဖွဲ့အစည်းဖြစ်စေ၊ ကျန်တဲ့ အဖွဲ့အစည်း ဖြစ်စေ၊ ကျွန်မတို့က ဒါ Capacity Building တွေ လုပ်ပြီးတဲ့အခါကျတော့ အရည်အချင်းတွေ ဖွံ့ဖြိုးနေအောင်၊ တိုးတက်နေအောင် အစစဘက်စုံ ကျွန်မတို့က တော်နေအောင် ဆောင်ရွက် ထားရမှာ ဖြစ်ပါတယ်။

အဲဒီမှာ ဒါ အခု အမျိုးသမီးကဏ္ဍအနေနဲ့ ကျွန်မက ပြောချင်တာကတော့ ကျွန်မတို့ရဲ့ ဒါ နိုင်ငံတော်ရဲ့ လက်ရှိအခြေအနေအရ နိုင်ငံတော်ကနေပြီးတော့ ပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ စည်းကမ်းဟူသည် လူ၏တန်ဖိုးလို့ ရှိပြီးတော့ ကျွန်မတို့ဟာ အခု ကျွန်မတို့နိုင်ငံတော်ရဲ့ ပြဋ္ဌာန်း ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေနဲ့အညီ ကျွန်မတို့က ရှေ့ကို ဆက်လက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်မတို့ လူမှုရေး ဦးတည်ချက်မှာ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးဆိုတာ ပါပါတယ်။ နောက်တစ်ခုက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတာ ပါပါတယ်။ ဒါကတော့ ကျွန်မတို့ လူမှုရေးဦးတည်ချက်တွေ၊ နောက်တစ်ခါ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆိုလို့ရှိရင်လည်း ကျွန်မတို့ ပုဒ်မ ၃၃ မှာ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနဲ့ ဗဟုသုတ တိုးတက်ဖွံ့ဖြိုးရေးတို့ အတွက် ဆောင်ရွက်ရမည်လို့ ဒါ ပြဋ္ဌာန်းပါရှိပါတယ်။ ဒါက နိုင်ငံတော်က ဆောင်ရွက်ပေးရမှာ။ နောက်တစ်ခါ ပုဒ်မ ၃၉၀ မှာ

ကျတော့ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဘာလဲဆိုတော့ နံပါတ်(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ဂ) လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်းဆိုတဲ့အခါမှာ ကျွန်မက အမျိုးသမီးတွေနဲ့ ပတ်သက်လို့ ဒါတွေကို ကျွန်မက ရည်ညွှန်းတာ ဖြစ်ပါတယ်။ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့၊ အကျင့်စာရိတ္တ ကောင်းမွန်ဖို့၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းဖို့ အဲဒါတွေနဲ့ပတ်သက်ပြီး ဘာလို့ဒါတွေကို ရည်ညွှန်းသလဲဆိုတဲ့အခါ ကျတော့ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ ကျွန်မ ပြီးခဲ့တဲ့ စက်တင်ဘာ ၁ ရက်နေ့ မတိုင်ခင်က အထိ ကျွန်မဟာ အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာကော်မတီမှာ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။

အဲဒီမှာ ဘာကို ကျွန်မက တာဝန်ယူပြီးတော့ စာတမ်းပြုစုတဲ့အခါမှာ ရေးပေးခဲ့ရသလဲဆိုတော့ ကျွန်မက လူကုန်ကူးမှုကို ကျွန်မက စာတမ်းပြုစုပြီးတော့ ကျွန်မတို့ ကော်မတီကို ကျွန်မက တင်ပေးခဲ့ပါတယ်။ အဲဒီတော့ကာ ဒီအမျိုးသမီးတွေရဲ့ အခုလောလောဆယ်မှာ ဒါဟာ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးတွေကို Gender Equality တွေ တောင်းတယ်။ Women in Powerment တွေ လုပ်တယ်။ စသည်ဖြင့် အကုန်လုံး နိုင်ငံတော်ကလည်း ဆောင်ရွက်တယ်။ ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ပံ့ပိုးပြီးတော့ ဆောင်ရွက်နေကြတဲ့ အချိန်မှာ ကျွန်မတို့ အမျိုးသမီးတွေ အကျင့်စာရိတ္တ ဖွံ့ဖြိုးတိုးတက်ဖို့၊ နောက် လူငယ်တွေ အကျင့်စာရိတ္တ ဖွံ့ဖြိုးတိုးတက်ဖို့၊ နောက် ကျန်တဲ့ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ဖို့၊ သူတို့နဲ့ ပတ်သက်တာတွေ အဲဒါတွေ ရှိပါတယ်။ ရှိတဲ့အခါမှာ မကြာခင်ကပဲ ကျွန်မတို့ ဆွီဒင်ကို ကျွန်မ သွားခဲ့ရပါတယ်။ ဆွီဒင်ကို သွားတဲ့အခါမှာ အမျိုးသမီးနဲ့ပတ်သက်ပြီးလို့ ကျွန်မတို့ လေ့လာတဲ့ အခါကျတော့ ဒါဟာ ဒီတစ်ခုကတော့ ကျွန်မကြိုတင်ပြီးတော့ နည်းနည်း မေတ္တာရပ်ခံချင်ပါတယ်။ ကျွန်မတို့ ဘာပဲဖြစ်နေနေ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ပြောစရာ ရှိတာကို ရဲရဲတင်းတင်းနဲ့ ပွင့်ပွင့်လင်းလင်းနဲ့ ပြည်သူလူထုကောင်းဖို့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက် ကျွန်မတို့က တင်ပြရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မ အခု ဆွေးနွေးမယ့် ကဏ္ဍက ဘာလဲဆိုတော့ အဲဒီဆွီဒင်မှာ အမျိုးသမီးတွေနဲ့ပတ်သက်တဲ့ ဥပဒေ တွေကို လေ့လာတဲ့အခါမှာ ပြည့်တန်ဆာနဲ့ ပတ်သက်တဲ့ဟာကို လေ့လာလိုက်တဲ့ အခါကျတော့ သူတို့ဆီမှာ .....

ဒုတိယဥက္ကဋ္ဌ။ ။ ဒေါ်ခင်ဝိုင်းကြည် ခဏာ။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ ဟုတ်ကဲ့။

ဒုတိယဥက္ကဋ္ဌ။ ။အခု ကျွန်တော်တို့၊ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးမှာက အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီက တင်သွင်းတဲ့ Report .....

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ ဟုတ်ကဲ့။

ဒုတိယဥက္ကဋ္ဌ။ ။ အဲဒီအစီရင်ခံစာကို၊ ဘယ်အပိုဒ်၊ ဘယ်အပိုဒ်ကို ဆွေးနွေးစရာ ရှိရင်လည်း ဆွေးနွေးပေါ့နော်။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ အဲဒီ အပိုဒ်နဲ့ ကျွန်မ အဲဒါဆိုရင် ဆွေးနွေးပါမယ်။

ဒုတိယဥက္ကဋ္ဌ။ ။ ကျန်တာက သီးသန့် ဒီကလေးသူငယ်နဲ့ ပတ်သက်လို့၊ အမျိုးသမီးနဲ့ ပတ်သက်လို့ Subject ကို ဆွေးနွေးတာမဟုတ်ဘူး။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ ဟုတ်ကဲ့၊ ကျွန်မ အဲဒါဆိုလို့ရှိရင် အပိုဒ်နဲ့ ဆွေးနွေးပါ့မယ် ဆရာ။

ဒုတိယဥက္ကဋ္ဌ။ ။ အပိုဒ်နဲ့ ဆွေးနွေးပါ။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ စောစောက ဒါဆိုလို့ရှိရင် ကျွန်မ အစောက ပြောတဲ့အပိုဒ်နဲ့ ကျွန်မ ဆွေးနွေးပါမယ်။

ဒုတိယဥက္ကဋ္ဌ။ ။ ၉ မိနစ် ရှိသွားပြီ။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ ဟုတ်ကဲ့။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသမီးနဲ့ ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးတာတော့ ကျွန်တော် မကြားမိဘူးလေ။ အဲဒါကြောင့် အဲဒါကိုပဲ မီးမောင်းထိုးပြီးတော့ ကော်မတီရဲ့ Report Only အဲဒါလေးကိုပဲ ဆွေးနွေးပေးပါလို့။ ကျန်တဲ့ဟာကတော့ Subject အလိုက် ဆွေးနွေးတာ မဟုတ်ဘူးလေ။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့။

ဒုတိယဥက္ကဋ္ဌ။ ။ အခုဟာက ကော်မတီအစီရင်ခံစာကို ဆွေးနွေးတာ ဖြစ်ပါတယ်။

ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ ဟုတ်ကဲ့၊ ဒီအထဲမှာက အမျိုးသမီးတွေနဲ့ ပတ်သက်ပြီးတော့ အမျိုးသမီးတွေရဲ့ ဒါ စောစောက ကျွန်မ ပြောသွားပါပြီ။ ဒီဥပဒေတွေ ကျွန်မတို့ ပြုပြင်ပြောင်းလဲပေးဖို့ဆိုတဲ့အခါမှာ ကျွန်မ လိုအပ်တဲ့ ဥပဒေတွေကို တောင်းဆိုမှာ တောင်းဆိုစေချင်တာ၊ တောင်းဆိုမှာဖြစ်တဲ့ အတွက်ကြောင့် ကျွန်မက ဒါကို ဒါ နိဒါန်းအနေနဲ့ ကျွန်မ ဆွေးနွေးတာပါ။ ကျွန်မက ခြုံငုံပြီးတော့ ပြောရမယ် ဆိုလို့ရှိရင် ကတော့ ကျွန်မတို့က လာမယ့် ကျွန်မတို့ အလားအလာ၊ နောင်လာလတ္တံ့သော ကျွန်မတို့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် ကျွန်မတို့ အမျိုးသမီးတွေ အလုပ်လုပ်ကိုင်ရာမှာပဲဖြစ်စေ သို့တည်းမဟုတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ၊ ကဏ္ဍအသီးသီးမှာ ပါဝင်ဆောင်ရွက်တဲ့အခါမှာပဲဖြစ်စေ ကျွန်မတို့က အရည်အချင်း ပြည့်ပြည့်ဝဝနဲ့ ပါဝင် ဆောင်ရွက်စေလိုပါတယ်။ အဲဒီအခါကျတော့ မလိုလားအပ်တဲ့ ကျွန်မတို့ ဒီအစောကပြောတဲ့ လူမှုရေးဦးတည်ချက်တွေနဲ့လည်း မညီတဲ့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့လည်း မညီတဲ့ ဒါတောင်းဆိုမှုတွေ နောက်ပြီးတော့ ဖြစ်ပျက်မှုတွေ၊ အဲဒါတွေဆိုလို့ရှိရင် ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။

အဲဒီတော့ ကျွန်မတို့က အမျိုးသမီးတွေရဲ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အမျိုးသမီးတွေကို အသိပညာပေးနိုင်ဖို့အတွက် ကျွန်မတို့က ဒါ ဥပမာ၊ ဥပမေယျတွေနဲ့ ကျွန်မက ဒါ တင်ဖို့ရာအတွက် ကျွန်မက အစီအစဉ် နိဒါန်းပျိုးတာပါ။ အမှန်ကတော့ ဒီထဲမှာပါတဲ့ ကော်မတီထဲမှာပါတဲ့ ဒါအမျိုးသမီးတွေ လူကုန်ကူးမှု ကျဆင်းရေး၊ လူကုန်ကူးခံရမှု ကျဆင်းရေး၊ နောက်တစ်ခါ အလုပ်လက်မဲ့ လျော့ကျရေး၊ ဥပမာ ကျွန်မတို့ ပြည်သူ့လွှတ်တော်က ဒေါ်ဇာတလဲမ်း ဆိုလို့ရှိရင် သူက ချင်းတောင်တန်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ သို့သော်လည်း အဲဒီမှာရှိတဲ့ အမျိုးသမီးတွေရဲ့အချိန်၊ အခြေအနေ အကုန်လုံးကို ကြည့်ပြီးတဲ့အခါကျတော့ သူတို့ဆီမှာ လာပြီးတော့ ဥပမာ- စက်ရုံများ တည်ထောင်ပေးမယ် ဆိုလို့ရှိရင်၊ လုပ်ငန်းတစ်ခုခု တည်ထောင် ပေးမယ်ဆိုရင် အမျိုးသမီးတွေရဲ့ ဘဝဖွံ့ဖြိုး တိုးတက်ရေးလေးတွေ တော်တော်ကောင်းမယ် ဆိုတာမျိုး၊ အဲဒါမျိုး ရှိပါတယ်။ အဲဒါမျိုး ရှိတဲ့ဆိုတော့ ဒီအထဲမှာလည်း

ဒီကော်မတီ ထဲမှာလည်း ရေးထားတာ ရှိပါတယ်။ အမျိုးသမီးတွေအတွက် ဘာလုပ်ပေးဖို့၊ ဘာလုပ်ပေးဖို့ ဆိုပြီးတော့ တောင်းဆိုထားတာ လေးတွေ ရှိပါတယ်။

အဲဒီတော့ အဲဒီတောင်းဆို ထားတာတွေကို ကျွန်မတို့ အမျိုးသမီးတွေ သိအောင်၊ ပြည်သူလူထုတွေသိအောင် ဒီကနေပြီးတဲ့အခါကျတော့၊ ဆောင်ရွက်ပြီးတဲ့အခါကျတော့မှ အမျိုးသမီးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘဝကိုရင်ဆိုင်တာ နောက် နိုင်ငံတော်ရဲ့ သိက္ခာ၊ မိမိရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ရဲ့ သိက္ခာ အကုန်လုံးကို ထိန်းသိမ်းပြီးတော့မှ သဟဇာတ ဖြစ်တဲ့ ဆောင်ရွက်မှုတွေ၊ သဟဇာတဖြစ်တဲ့ လူနေမှုအဆင့်အတန်းတွေ၊ အဲဒီလိုတွေ ဖြစ်လာဖို့အတွက် အမျိုးသမီးထုအတွက် ကျွန်မက ဒါ စပြီးတော့ ဒါကလည်း တချို့ကလည်း တောင်းဆိုထားတာ ဖြစ်တဲ့အတွက်၊ ကျွန်မ ဒါကော်မတီကိုလည်း အခုလိုပြောရင်းနဲ့ သိစေချင်တာဖြစ်တဲ့အတွက် အဲဒါကစပြီးတော့ ကျွန်မက ပြောတာ၊ အဲဒီဟာကို ကျွန်မက နိဒါန်းချီတာ ဖြစ်ပါတယ်။ အမှန်တကယ်ကတော့ ဒါ အခု အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာ ရည်ရွယ်ချက်(၅)ရပ်ကို ကျွန်မတို့က အားလုံး၊ အကုန်လုံး ထောက်ခံပါတယ်။ နောက်ပြီးတဲ့ အခါကျတော့ နောက်ဆုံးမှာ နိဒါန်းမှာ ဘာပါသလဲဆိုတဲ့ အခါကျတော့ သူက နိဒါန်း၊ ကျွန်မ ဒါဆိုရင် မြန်မြန်နိုဂုံးချုပ်လိုက်ပါမယ်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးနဲ့ ရပိုင်ခွင့်များနှင့် ပတ်သက်၍ ဓမ္မသတ်များအပါအဝင် ၁၈၇၂ ခုနှစ်၊ အထူးထိမ်းမြားခြင်း အက်ဥပဒေမှအစ ၁၉၉၆ ခုနှစ်အထိ ဥပဒေပေါင်း(၃၂)ခုတွင် ပါဝင်ပြဋ္ဌာန်းခဲ့ကြောင်း မှတ်သားမိပါသည်။ ထို့ကြောင့် အမျိုးသမီးများနှင့် ပတ်သက်သော အခွင့်အရေးများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခြေခံဥပဒေ ၂၀၀၈ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာပဋိညာဉ်စာချုပ်ပါ အကြောင်းအရာများ ပါဝင်သော အမျိုးသမီး ဥပဒေသစ်တစ်ရပ်ကို ပြန်လည်ရေးဆွဲသင့်ပါကြောင်း အကြံပြုအပ်ပါသည်လို့ ပြောထားတဲ့အပေါ်မှာ ကျွန်မက အမျိုးသမီးထုအတွက် လှိုက်လှိုက်လှဲလှဲ ထောက်ခံတယ်ဆိုတာကို ကျွန်မက ဒီအစီရင်ခံစာအပေါ်မှာ ဒါကို ဆွေးနွေးပါတယ်။

နောက်တစ်ခါ အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာကော်မတီသည် ဤအစီရင်ခံစာတွင် မပါဝင်သေးသော အမျိုးသမီးများနဲ့ ကလေးသူငယ်များ၏ အခန်းကဏ္ဍများကို သင့်တော်သော အချိန်တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြသွားမည်လို့ ပါတာ

ဖြစ်တဲ့အတွက် ကျွန်မက အမျိုးသမီးများနဲ့ ပတ်သက်ပြီးတော့ လိုအပ်နေတဲ့ အမျိုးသမီးတွေရဲ့ အာမခံချက် ဒါရှိတဲ့ အမျိုးသမီးတွေရဲ့ဘဝ လုံခြုံစေတဲ့ ဥပဒေတွေ၊ နောက်တစ်ခါကျတော့ တိမ်းစောင်းနေတဲ့ ဥပဒေတွေကို ကျွန်မတို့က လေ့လာထားပါတယ်။ အဲဒီဟာတွေကို ကျွန်မတို့က ဒါ ကျွန်မတို့အနေနဲ့ပေါ့နော်။ ဒီအမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာကော်မတီကို ကျွန်မက Personal တင်ပြပါမယ်။ ဒါကတော့ ကျွန်မ နောက်မှပဲ ကျွန်မ တင်ပြပါမယ်။ ဒီလွှတ်တော်မှာ ကျွန်မ မဆွေးနွေးတော့ပါဘူး။

နောက်တစ်ခါကျတော့ ကလေးသူငယ်များနဲ့ပတ်သက်တဲ့ ကလေးသူငယ်၊ အလုပ်သမားနဲ့ ပတ်သက်တဲ့ ကိစ္စဝိစ္စတွေလည်း ကျွန်မတို့က လေ့လာထားတာတွေ၊ ကျွန်မတို့ တင်ပြချင်တာတွေ၊ ဆွေးနွေးချင်တာတွေ ရှိပါတယ်။ ဒါကတော့ ကျွန်မ ဒီဟာကို ဆွေးနွေးရင်းနဲ့ ကျွန်မ လွှတ်တော်ကို တင်ပြဖို့ အစီအစဉ် ရှိပါတယ်။ သို့သော်လည်း အခု ဒါကိုလည်း ကျွန်မ သီးသန့် ကျွန်မ Personal အနေနဲ့ပဲ အမျိုးသမီးနဲ့ကလေးသူငယ်ဆိုင်ရာ ကော်မတီကို ကျွန်မ အဲဒီဥပဒေတွေ ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့နဲ့ ပတ်သက်ပြီးတော့ ကျွန်မက တင်ပြပြီးတော့ အစီရင်ခံပါ့မယ်။ လောလောဆယ်ကတော့ ဒီအမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ အပေါ်မှာ အပြည့်အဝ ထောက်ခံပါတယ်ဆိုတာကို ကျွန်မ အစီရင်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁၂၅။

ဒုတိယဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး က ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁၂၅။

ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ သည် ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ် အခွင့်အရေး၊

ရပိုင်ခွင့်များ အကောင်အထည် ဖော်ဆောင်မှုအပေါ် နိုင်ငံတကာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြဋ္ဌာန်းမှုများနှင့် ချိန်ထိုး၍ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ပြည့်ပြည့်စုံစုံ အစီရင်ခံ တင်ပြသွားတာကို တွေ့ရှိရပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကို ကော်မတီအနေဖြင့် ကူညီဆောင်ရွက်ခြင်းအပေါ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးမှုအတွက် အစီရင်ခံစာအတွင်း ဖြည့်စွက်ပေးနိုင်ရန် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

မြန်မာနိုင်ငံ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆိုင်ရာ ရည်မှန်းချက်များ၊ ပညာရေး ရည်မှန်းချက်များ ပြည့်ဝရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အာဟာရ ပြည့်ဝရေး၊ သန့်ရှင်းရေး၊ ကလေးအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်ဝရေးတို့အတွက် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်း အစီအစဉ် များဟာ နိုင်ငံ့စီပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အခြေခံ ကျတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် မိဘများနှင့် ငယ်ရွယ်သော ကလေးများအတွက် အရည်အသွေး ပြည့်ဝသော ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ရင်းနှီးမြှုပ်နှံဖို့ အထူးလိုအပ်ပါတယ်။

ဒါ့အပြင် ဆင်းရဲနွမ်းပါးမှုကို ကျော်လွန်ရန် ကလေးမွေးဖွား ရှင်သန်မှုနှုန်းမြင့်ရန်၊ ကလေးများအား မွေးစာရင်းပြုလုပ်ပေးရန်၊ မွေးဖွားလာသော ကလေးများ ကျန်းမာရေး၊ အာဟာရ ပြည့်ဝစွာရရှိရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန်၊ ကလေးများ မူလတန်းကျောင်းတွင် အချိန်မီ ကျောင်းအပ်နှံမှု ပြုလုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ မူလတန်းကျောင်းများတွင် ပညာရေး အရည်အသွေး ကောင်းမွန်စေရန်၊ ကျောင်းထွက်စောမှုကို လျှော့ချစေရန်၊ ပညာသင် ကြားရေးတွင် တိုးတက်မှုနှင့် မူလတန်းပညာ ပြီးဆုံးမှုများ တိုးတက်စေရေးအတွက် ဆောင်ရွက် သွားရန်နှင့် မိဘများနှင့် ကလေးများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ရေးဆွဲ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းလုပ်ငန်းများတွင် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများ နှင့် ရပ်ရွာလူထုတို့ ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ လုပ်ငန်းအစီအစဉ်များ ရေရှည်တည်တံ့၍ ထိရောက်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းဟာ ရှေးဦးကလေးဘဝ အရွယ်ဖြစ်တဲ့ သန္ဓေသားဘဝမှ အသက်(၈)နှစ်ကာလအထိ ကလေးများရဲ့ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဦးနှောက်ဖွံ့ဖြိုးမှု အမြင့်မားဆုံးဖြစ်တဲ့ သန္ဓေတည်စမှ အသက်(၃)နှစ် အရွယ်အထိ မိဘများက မိမိတို့ရဲ့တာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ဖို့အတွက် အလေးထားရပါမယ်။ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များမှာ လိုအပ်သည်များအားလုံး ဟန်ချက်မိမိပါဝင်အောင် ထည့်သွင်းရန်လိုပါတယ်။ နိုင်ငံတွင်းမှာရှိတဲ့ ထိခိုက်လွယ်သော၊ ဘေးဖယ်ထားခြင်းခံရသော၊ ထိခိုက်နစ်နာမှုများ ခံစားရသောကလေးများ အကျိုးအတွက် အဓိကထားပြီး ဆောင်ရွက်သင့်ပါတယ်။ ကလေးများရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်း ဆက်ဆံရေးနှင့် စိတ်ကို ထိန်းနိုင်မှုစွမ်းရည်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးမှုရရှိစေရေး ဘဝတစ်သက်တာ အခြေခံ အလေ့အကျင့်ကောင်းများအတွက် ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှု ရရှိထားသောကလေးများ ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်ရှင့်။

လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပါက မြန်မာနိုင်ငံရှိ ကလေးများဟာ မွေးစမှစ၍ ကျန်းမာသန်စွမ်းလာပြီး ကလေးများ အာဟာရမပြည့်ဝမှု ပြဿနာ၊ ဖွံ့ဖြိုးမှု နှေးကွေးသော ပြဿနာများကို ကျော်လွှားနိုင်မှာဖြစ်ပြီး မသန်စွမ်းကလေးများလည်း အစွမ်းရှိသလောက် ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ကလေးများဟာ မူလတန်းကို အချိန်မီ ဝင်ရောက်နိုင်ပြီး အလယ်တန်း၊ အထက်တန်းအဆင့် ပညာကို အောင်မြင်စွာ ပြီးဆုံးအောင်သင်ယူလာနိုင်ပါက တိုင်းပြည်အတွက် ထုတ်လုပ်နိုင်စွမ်းကောင်းသူများ၊ တာဝန်ကျေသူများ၊ နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ ကမ္ဘာအနှံ့ ကလည်း သုတေသန လေ့လာတွေ့ရှိချက်အရ ရင်းနှီးမြှုပ်နှံမှုမှာ ကလေးသူငယ် ဘက်ပေါင်းစုံ ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းဟာ အကျိုးအမြတ် အများဆုံး ရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။

မိဘများနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးအတွက် အရည်အသွေးရှိတဲ့ လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှု စရိတ်လျှော့နည်းသက်သာခြင်း၊ ပညာရေး ရလာဒ်ကောင်းများရစေပြီး ကျောင်းနှင့် ပညာရေးစနစ်၌ အရည်အသွေး တိုးတက်စေခြင်း၊ မူလတန်းအဆင့်နှင့် မူလတန်းလွန်အဆင့်များတွင် အထူးပညာရေးအတွက် ကုန်ကျစရိတ်များ

သက်သာစေခြင်း၊ ကလေးများအတွက် လူမှုဝန်ထမ်းစရိတ်၊ ကာကွယ်စောင့်ရှောက်ရသော စရိတ်များ သက်သာခြင်း၊ လူငယ်ဆိုးသွမ်းမှု အခြားသော အကြမ်းဖက်မှုများနှင့် ဆက်စပ်နေသာ စရိတ်များ သက်သာခြင်း၊ မိသားစုများကို အားကောင်းလာစေခြင်း၊ ကလေးများ၏ ကျန်းမာရေး၊ အာဟာရနှင့် ဖွံ့ဖြိုးရေးကို တိုးတက်စေခြင်း၊ ကလေးများ၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးရာရောက်ခြင်း၊ ကလေးများအတွက် လုံခြုံစိတ်ချရမှုကို တိုးတက်စေခြင်း၊ ကလေးများ၏ အစွမ်းအစများ အပြည့်အဝ တိုးတက်ခွင့်ရလာခြင်း စတဲ့ အကျိုးကျေးဇူးကောင်းများ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာလည်း ထိရောက်တဲ့ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မူဝါဒတစ်ခုကို ရေးဆွဲဖော်ဆောင်ပြီး ထိုက်တန်သော ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါက အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ထုတ်လုပ်မှု တိုးတက်မှု၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလုပ်ကိုင်နိုင်မှုများ တိုးတက်လာပြီး ကျန်းမာရေးအဆင့်အတန်း အုပ်ချုပ်စီမံခန့်ခွဲမှုများမှာ နိုင်ငံသားများ တက်ကြွစွာ ပါဝင်လာမှုများ အမှန်တကယ် တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ အစီရင်ခံစာမှာ ကျွန်မအနေနဲ့ မြန်မာနိုင်ငံရှိ ကလေးငယ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ပေးရေးအတွက် အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၃၁။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို ဝိုင်းဝန်းဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး ပြန်လည်ပြုစုရ်ု ကော်မတီ၏ ဆုံးဖြတ်ချက်အရ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၃၂။

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်ကို နေ့လယ်စာ စားဖို့အတွက် ခေတ္တနားပါမယ်။ ၁၂း၄၅ နာရီမှာ လွှတ်တော်ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁း၃၂။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၃၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

အချိန်၊ ၁၂း၄၅။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေး အာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ အနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေ နှင့်အညီ ထိရောက်စွာအရေးယူနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၂၃၅၅။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပထမ အကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ အမျိုးသား လွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း တင်သွင်းသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက် ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေ ချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၂၃၅၇။

ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ဆက်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနား ခံစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာပါ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို

ကျွန်တော် ထောက်ခံဆွေးနွေးပါမယ်။ ကျွန်တော် ထောက်ခံဆွေးနွေးတဲ့အခါမှာ အကြမ်းအားဖြင့် အပိုင်း (၃)ပိုင်းခွဲခြားပြီးတော့ ကျွန်တော်ဆွေးနွေးပါမယ်။ ပထမအပိုင်းကတော့ အုပ်ချုပ်ရေး အာဏာပိုင်များ၏ အားနည်းချက်။ နောက်ဒုတိယအပိုင်းအနေနဲ့ အာဏာပိုင်များက လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။ တတိယအချက်ကတော့ ဥပဒေကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း မရှိတာတို့ကို ကျွန်တော် ကော်မတီ၏ အစီရင်ခံစာအပေါ်မှာ သုံးသပ်ပြီးတော့ ကျွန်တော်ဆွေးနွေးပါမယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်၏ နိုင်ငံတော်ထူထောင်ရာမှာ လိုက်နာကျင့်သုံးရမယ့် အရေးကြီးတဲ့ အချက်(၂)ချက်ကို နိုင်ငံတော်သမ္မတကြီးက ၃၀-၃-၂၀၁၁ ရက်နေ့က နိုင်ငံတော်အကြီးအကဲ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်အဖွဲ့များ၏ အစည်းအဝေးမှာ လမ်းညွှန်မိန့်ကြားခဲ့ပါတယ်။ အဲဒီ လမ်းညွှန်မိန့်ကြားခဲ့တာကတော့ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးနှင့် ကောင်းမွန်သောအစိုးရ ဖြစ်ပေါ်ရေးကို ဦးညွှန်မိန့်ကြားခဲ့ပါတယ်။ အဲဒီမိန့်ခွန်းဟာ နိုင်ငံတော်ရဲ့ လမ်းစဉ်မိန့်ခွန်းတွေ လို့လည်း ကျွန်တော်တို့ ခံယူလို့ရပါတယ်။ အဲဒီ မိန့်ခွန်းညွှန်ကြားတဲ့ နောက်ပိုင်း (၂)နှစ်အကြာမှာ ကျွန်တော်တို့ (၂)နှစ်လောက် ရှိပါပြီ။ သို့သော်လည်းပဲ တိုင်စာဟာ ယခင်အစိုးရလက်ထက်က တိုင်စာသာမကဘဲနဲ့ ယခု ကျွန်တော်တို့ အစိုးရလက်ထက်ရဲ့ လုပ်ဆောင်ချက်များ၊ အားနည်းချက်များကို တိုင်စာကို ရောက်ရှိတာကို ကျွန်တော်တို့ ကော်မတီ၏ အစီရင်ခံစာအပေါ်မှာ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဲဒီတိုင်စာထဲမှာ လွှတ်တော်ကိုယ်စားလှယ်များတွေနဲ့ လည်း ပတ်သက်နေတာကို ကျွန်တော်တို့လည်း တိုင်စာထဲမှာပါနေတာကို ကျွန်တော်တို့ တွေ့ရ ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုဖြစ်ရတာဟာ ပြန်လည်စိစစ်တဲ့အခါမှာ ကျွန်တော်ခုန ပထမ(က)မှာ ဆွေးနွေးခဲ့သလိုပဲ အာဏာပိုင်၊ အထက်အာဏာပိုင် အကြီးအကဲတွေရဲ့ အရေးယူမှု အားနည်းချက်ကို ကျွန်တော်တို့ အဲဒါကြောင့် ဖြစ်တယ်ဆိုတာကို ကျွန်တော်လေ့လာ တွေ့ရှိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြဿနာတစ်ခုဖြစ်တဲ့အခါမှာ ပြဿနာကိစ္စအပေါ်ကို တိတိကျကျ အရေးယူမှု မပြုနိုင်ဘဲ လူမှုရေးနှင့် တပည့်တပမ်းများ ပတ်သက်နေသူများ ပါဝင်နေခြင်း၊ ကိုယ့်လူသူ့လူ ပါဝင်နေခြင်းများကို အထက်က တိတိကျကျ

အရေးယူနိုင်ခြင်းမရှိတဲ့ အားနည်းချက်ကို ကျွန်တော်တို့ တွေ့ရပါတယ်။ ၁၉၈၈ ခုနှစ်၊ တပ်မတော်အစိုးရလက်ထက် စတင်တာဝန် တမ်းဆောင်တဲ့ (၁)နှစ်အတွင်းမှာ အဲဒီ တိုင်စာ၊ တောစာ ရုံးလုပ်ငန်းများကို လက်ဖက်ရည်ဖိုး မရှိဘဲနဲ့ လျင်လျင်မြန်မြန် သွားလာတာကို ကျွန်တော်တို့ တွေ့ရတယ်။ အဲဒီအကြောင်းက ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက တိတိကျကျ အရေးယူမှု၊ အထက်အရာရှိက ညွှန်ကြားသလို အောက်ကလည်းပဲ တိတိကျကျ အရေးယူမှု ရှိတာကို တွေ့ရတဲ့အတွက် ရုံးလုပ်ငန်းများနဲ့ အခြား တိုင်စာ၊ တောစာများ မရှိတာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အထက်က ပြတ်သားစွာအရေးယူမှုဟာ သန့်ရှင်းသောအစိုးရ (Clean Government)နှင့် (Good Governance) ဖြစ်ပေါ်လာရေးအတွက် အင်မတန် အရေးကြီးပါတယ်လို့ ကျွန်တော် မြင်လို့ ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် တွေ့ကြုံရတဲ့ ကိစ္စကို တင်ပြဆွေးနွေးလိုပါတယ်။ လတ်တလော တွေ့ကြုံနေရတဲ့ကိစ္စဟာ ကျွန်တော်တို့ သမ္မတရုံး၊ လွှတ်တော်မေးခွန်း၊ အုပ်ချုပ်ရေးမှူးကျေးလက်အထိ ကျွန်တော် လက်တွေ့ တွေ့နေရတဲ့အချက်မှာ ကျွန်တော်ဆွေးနွေးပါမယ်။ ကျွန်တော်ကိုယ်တိုင် သမ္မတရုံးကို တိုင်ကြားစာတစ်ခု အနေနဲ့ ပို့ခဲ့ပါတယ်။ အဲဒီတိုင်ကြားစာဟာ ယနေ့တိုင် တိတိကျကျ အရေးယူမှု မရှိဘူး။ လေးလေးနက်နက် အရေးယူမှု မရှိဘဲနဲ့ ဒီတောင်းပန်ခိုင်းတဲ့အဆင့်နဲ့သာ အရေးပြီးပါတယ်။ သဘောကတော့ ဆိုလိုတာက အဲဒါမျိုး ကျူးလွန်တဲ့ပြစ်မှုမျိုးကို တိတိကျကျ အရေးမယူဘဲနဲ့ ဒီလိုဟာမျိုးဖြစ်တဲ့ကိစ္စကို ပေါ့ပေါ့တန်တန်နဲ့ အရေးယူမှုမရှိတဲ့အခါမှာ ကျူးလွန်တဲ့ ကာယကံရှင် ကသော်လည်းကောင်း၊ တခြားလူများကလည်း ဒီဥပဒေဟာ ဆက်လက်ကျူးလွန်ဖို့ရာ လမ်းဖွင့် ပေးသလို ဖြစ်ပါတယ်။ ဒါ အနည်းငယ် အဲဒါကို ကျွန်တော်ရှင်းပြပါမယ်။ ကန်ပက်လက်မြို့နယ် တစ်နေရာမှာ မိုးချုပ်မှာ လက်ဝါးကပ်တိုင်ကို တချို့ လူတစ်စုပေါ့။ တချို့လူတွေက ဥပဒေ ကျူးလွန်ပြီးတော့ ဖျက်ဆီးတာကို အတိအကျ ဓာတ်ပုံနဲ့ တိုင်ခဲ့တယ်။ သို့သော် အဲဒီဥစ္စာတွေကို တိတိကျကျ အဲဒီ ကာယကံရှင် ကျူးလွန်တဲ့လူတွေကို အရေးယူမှု မရှိဘဲနဲ့ ညှိနှိုင်းဆွေးနွေး ခိုင်းတဲ့အဆင့်သာဖြစ်တယ်။ ဆိုတော့ဒီဥစ္စာဟာ ကျူးလွန်တဲ့လူအနေနဲ့ ပိုပြီးတော့ အားတက်စရာ ဖြစ်သွားပါတယ်။ ဒီကိစ္စကို တိတိကျကျ အရေးမယူတဲ့အတွက်။ ဒီတော့ ဒါတွေဟာ ဥပမာ အနေနဲ့ တစ်ခုပြောပါတယ်။

နောက် ဒုတိယ လွှတ်တော်ရုံး မေးခွန်းဆိုတာတွေကလည်း ကျွန်တော်တို့အားလုံး လွှတ်တော်ကိုယ်စားလှယ်များလည်း ဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ မေးခွန်းတွေ ထုတ်တယ်။ မေးတယ်။ ဖြေတယ်။ မနက်က ဦးလှဆွေ မကွေးတိုင်း ဆွေးနွေးသလို သင့်လျော်မှုမရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင် ပထမ အကြိမ်တုန်းက ဂန့်ဂေါနယ် မကွေးတိုင်း၊ ဂန့်ဂေါနယ်ထဲ ရွာလမ်းကြောင်းကို (၁၂)ရာသီသွား လမ်းကြောင်း ပြင်ဆင်ပေးပါလို့ ကျွန်တော်တို့ အဆိုပြုတယ်။ အဆိုပြုမေးခွန်း မေးတဲ့အခါမှာ လွှတ်တော်အနေနဲ့ အတည်ပြုတယ်။ သို့သော် ယနေ့တိုင် အဲဒါကို အကောင်အထည် ဖော်ဆောင်ခြင်း မရှိတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဆိုလိုတဲ့အချက်ကတော့ ကျွန်တော်တို့ လုပ်တာကို လွှတ်တော်က ဆွေးနွေးတာ၊ တိုင်ပင်တာ၊ မေးခွန်းမေးတာကို ကျွန်တော်တို့ လုပ်သော်လည်းပဲ သက်ဆိုင်ရာက တိတိကျကျ အရေးယူမှု မရှိဘူးဆိုရင် ဒီဥစ္စာလည်း အားနည်းချက်ဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။

နောက် ကျေးလက်ဒေသမှာလည်းပဲ ကျွန်တော်တို့ အခု ကျေးလက်ဒေသမှာ အတိုင်အတောတွေရှိတယ်။ ကျေးလက်အုပ်ချုပ်ရေးမှူးတွေက သူ့သဘောနဲ့ ဥပဒေနဲ့ ဒဏ်ရိုက်တာတို့၊ ဘာတို့ ဖြစ်တယ်။ အဲဒါတွေလည်း သတင်းစာအမျိုးမျိုးမှာ ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့ သတင်းစာမှာလည်း တွေ့ရတယ်။ နောက် ကိုယ်တွေ့လည်း တွေ့ကြုံရတဲ့လူ လွှတ်တော်ကိုယ်စားလှယ်များထဲမှာ တော်တော်များများရှိပါမယ်။ ဒါပေမယ်လို့ အရေးယူမှု အားနည်းတယ်။ တိုင်တယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာအကြီးအကဲတွေက တိုင်စာအားနည်းမှု ရှိတဲ့အတွက် ဒီဥစ္စာကလည်း ကျွန်တော်တို့ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာရေးကို အဟန့်အတားဖြစ်စေပါတယ်။ ဒီဥစ္စာက ကျွန်တော် သတင်းစာထဲမှာ အတိအကျပါလာတာက လာဘ်ပေး.. အင်း.. အနည်းငယ်ဖတ်ပြပါမယ်။ လာဘ်စားရမ်းကားပြီး အုပ်ချုပ်သူ အရေးယူပေးပါတဲ့။ သို့သော် ဖြစ်တဲ့ဖြစ်ပုံက အသေးစိတ် မဖတ်တော့ပါဘူး။ စစ်ကိုင်းတိုင်းမှာ ဖြစ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ခင်ဦးမြို့နယ်၊ ဆိတ်ကြီးကျေးရွာမှာ ဖြစ်တဲ့ကိစ္စကို အဲဒါကို အုပ်ချုပ်ရေးမှူးက ကျပ်(၂၀၀၀)တောင်းခံခြင်း၊ ရေဘေးခံစားနေရသူများအတွက် အလှူငွေများ၊ လှူဒါန်းထားသော ဆန်များကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်း၊ အာဏာကို အလွဲသုံးစားပြုကာ ဒဏ်ငွေကျပ်တစ်သိန်းငါးသောင်းအထိ တောင်းယူခြင်းများ ပြုလုပ်ခဲ့တယ်လို့ သိရှိရပါတယ်လို့ သတင်းစာက တိတိကျကျ ရေးထားပါတယ်။ Hot News မှာ ရေးထားပါတယ်။

အဲဒါကို ကာယကံရှင်တွေက တိုင်တယ်။ သက်ဆိုင်ရာကို တိုင်တယ်။ တိုင်တဲ့အခါ ဝန်ကြီးချုပ်ထံကို တိုင်တော့ ဝန်ကြီးချုပ်ထံ အထိကို တိုင်စာရေးခဲ့ပါတယ်။ သို့သော် အဲဒီတိုင်စာကို ချက်ချင်းအရေးမယူတဲ့အတွက် ဘာဖြစ်လာသလဲဆိုတော့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ ညနေ ၁၈း၃၀ အတွင်းမှာ အုပ်ချုပ်ရေးမှူးသည် သောက်စားမူးရမ်းပြီး အသွား(၁၈)လက်မခန့် ရှိတဲ့ ဓားကိုင်ပြီး ဓားကိုကိုင်ကာ ရွာတွင်းလမ်းတစ်လျှောက် လှည့်လည်အော်ဟစ် ဆဲဆိုကြိမ်းမောင်း စိန်ခေါ်မှုများ ပြုလုပ်ခဲ့ကြောင်း ကျွန်တော်တွေ့ရပါတယ်။ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော် အကုန်လုံးမဖတ်တော့ပါဘူး။

ဒီတော့ အဲဒီလိုဟာမျိုး က ဘာဖြစ်လို့ဖြစ်သလဲ အုပ်ချုပ်ရေးမှူး က ဖြစ်သလဲဆိုတော့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရဲစခန်းမှူး သို့မဟုတ် တစ်စုံတစ်ဦးက အရေးယူခဲ့ရင် တိုင်းဝန်ကြီးချုပ်အဆင့်အထိ ရောက်ဖို့မလိုပါဘူး။ အရေးယူမှု ထိရောက်မှုရှိခဲ့လို့ရှိရင် ဒီအုပ်ချုပ်ရေးမှူးတွေရဲ့ လုပ်ဆောင်ချက်ဟာလည်း ဒီလို မလုပ်ဘဲနဲ့ ကျွန်တော်တို့ ဒီတရားဥပဒေစိုးမိုးရေး ကျေးလက်မှာ ပေါ်လွင်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးလက်ဒေသ အထူးသဖြင့် ခံစားနေရတဲ့ အတွေ့အကြုံဟာ ဗဟိုပြည်ထောင်စုအစိုးရနဲ့ တိုက်ရိုက်ထိတွေ့မှု မရှိဘူး။ ကျေးလက်အုပ်ချုပ်ရေးမှူးဟာ ကျေးလက်နေပြည်သူ/ပြည်သားများအတွက် တိုက်ရိုက် ထိတွေ့နေရတဲ့ အုပ်ချုပ်ရေးမှူးဖြစ်တဲ့အတွက် သူတို့ရဲ့ အုပ်ချုပ်ရေးမှူး၊ မကောင်းတဲ့ အုပ်ချုပ်ရေးမှူးရဲ့ အကျင့်စရိုက်အပေါ်ကို ပြည်သူများဟာ ဒဏ်ခံစားနေရပါတယ်။ ကျေးလက်ဒေသမှာ တချို့ အုပ်ချုပ်ရေးမှူး သာမကဘူး။ ရ.ဝ.တ စာရေး၊ ကျောင်းဆရာမ၊ ဝမ်းဆွဲဆရာမ စသည်ရဲ့ ဒီ လုပ်ဆောင်ချက်က ဒီ ဥပဒေနည်းလမ်းအတိုင်း မလုပ်တဲ့အတွက်လည်း ကျေးလက်နေပြည်သူများဟာ၊ ကျေးရွာသူ/ကျေးရွာသားများဟာ ခံစားနေရတယ်။ တော်တော်စိတ်ညစ်နေရကြောင်းကို ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဥပမာ - ကျောင်းဆရာမတွေ၊ ဝမ်းဆွဲဆရာမတွေ ရွာမှာနေတယ်။ ခွင့်တိုင်တယ်။ တစ်လ၊ နှစ်လ ရွာမှာမနေဘူး စာရင်းပြတာတော့ ရွာမှာစာရင်းပြတယ်။ ရွာမှာမနေတဲ့အတွက် သက်ဆိုင်ရာ မြို့နယ်ဆရာဝန်ကြီးတွေ သက်ဆိုင်ရာကို ကျွန်တော်တို့ ကျေးလက်ဒေသတွေက တိုင်တဲ့အခါမှာ ပြောတဲ့ဆိုတဲ့ အခါမှာ ဘာမှ အရေးယူမှုမရှိဘဲနဲ့ နားလည်မှု ယူပြီးတော့ အဲဒီလိုဟာမျိုးကို ကျေးရွာနေပြည်သူများ တော်တော်များခံစားရတယ်။ အလားတူ ကိစ္စများဟာ

ပြောရရင် အများကြီးရှိပါတယ်။ ဒါကြောင့် အရေးယူမှု အထက်က ကျွန်တော်ပြောတာ ပထမ အထက် ကျွန်တော်ပြောတာ အဲဒါ၊ အထက်က အရေးယူမှုအားနည်းတယ်ဆိုရင် အောက်ခြေမှာ ရှိတဲ့ ဝန်ထမ်းတွေရဲ့ အားနည်းချက်အပေါ်မှာ မူတည်ပြီး ပြည်သူ/ပြည်သားတွေဟာ ကျေးလက် နေပြည်သူများ ဒုက္ခရောက်ခံစားနေရတယ်ဆိုတာကို ကျွန်တော် ပြောပြဆွေးနွေးလိုပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ အုပ်ချုပ်မှု၊ လုပ်ထုံးလုပ်နည်းများ အားနည်းနေတယ် ဆိုတဲ့အပိုင်းကို ကျွန်တော် ဆက်လက်ဆွေးနွေးပါမယ်။ အဲဒါကတော့ ဝန်ထမ်းတွေလည်း ဒီမှာ ရှိပါတယ်။ ဝန်ထမ်းတွေရဲ့ အရေးယူမှုဆိုတာ ဝန်ထမ်းနည်းဥပဒေ ရှိပါတယ်။ ဥပမာ ပြင်းထန်စွာ သတိပေးခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဌာနဆိုင်ရာ ခုံရုံးဖွဲ့ခြင်း၊ လုပ်ငန်းမှ ထုတ်ပယ်ခြင်းဆိုတာ ကျွန်တော်တို့ ဒီဝန်ထမ်းတိုင်း၊ တပ်မတော်သားတိုင်းမှာလည်း အားလုံး အပါအဝင် ဖြစ်ပါတယ်။ ဒီကိစ္စ လုပ်ဆောင်ခြင်းဟာ တပ်မတော်သားများအနေနဲ့ ဒီဥစ္စာ တိတိကျကျ လိုက်နာတယ်လို့ ကျွန်တော်ကြုံဖူးပါတယ်။ အရေးယူခြင်း၊ ပြင်းထန်စွာ သတိပေးခြင်း၊ ခုံရုံးဖွဲ့ခြင်းများ၊ ဌာနဆိုင်ရာ များကတော့ အစိုးရ ပြင်ပဌာနဆိုင်ရာများကတော့ ဒီလိုမရှိတာကို ကျွန်တော် တွေ့ရပါတယ်။

ဥပမာ - တိုင်ကြားစာတစ်ခု ရောက်တာနဲ့ ဒီလုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်း မရှိဘဲနဲ့ တိုက်ရိုက်ဌာနကလည်း အလုပ်ထုတ်ပယ်တာတို့ဟာ တိုင်ကြားစာထဲမှာ တော်တော်များ တွေ့ရှိရပါတယ်။ အဲဒါမျိုးကိုလည်း ကျွန်တော်တို့ ကော်မတီ စုံစမ်းရေး၊ တိုင်ကြားစာကော်မတီ အနေနဲ့ လေးလေးနက်နက်စုံစမ်းပြီး၊ စစ်ဆေးပြီး အရေးယူပေးဖို့လည်း ကျွန်တော် တင်ပြဆွေးနွေး လိုပါတယ်။

နောက် တတိယအချက်ကတော့ ဥပဒေကျူးလွန်သူများကို ထိရောက်စွာ အရေး မယူခြင်း။ ဒါကတော့ ကျွန်တော် ပထမ ဆွေးနွေးတဲ့အပိုင်းမှာလည်း ပါပြီးသား ဖြစ်ပါတယ်။ အခု ဥပဒေကို ကျူးလွန်နေသူများဟာ မည့်သည့်ဥပဒေကျူးလွန်သူမဆို အထက်က ထိထိရောက်ရောက် အရေးယူခြင်း မရှိဘူးဆိုရင် ဒီလုပ်တဲ့သူကိုရော၊ တခြားတခြားလူတွေပါ အကျင့်ပျက်ရာ သက်ရောက်စေတဲ့လက္ခဏာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဝန်ထမ်းအားလုံး၊ ဒီ ပြည်သူ့ တပ်မတော်သားတွေအားလုံး အပါအဝင် အားလုံးဝန်ထမ်းများဟာ အပြစ်တစ်စုံတစ်ရာ ကျူးလွန် လို့ရှိရင် အဲဒီ အပြစ်တစ်စုံတစ်ရာ ကျူးလွန်တာကို အထက်က တိကျစွာ အရေးမယူဘူးဆိုရင် ကျန်တဲ့ဝန်ထမ်းတွေဟာလည်း ဒီဥစ္စာကို အကျင့်ပျက်စေတဲ့ လမ်းကြောင်းကို ပေါ်လွင်စေတဲ့

အချက်ကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီတိုင်ကြားစာ ကော်မတီရဲ့ အစီရင်ခံစာကို လေ့လာတဲ့ အခါမှာ တိုင်ကြားစာဟာ ကျွန်တော်တို့ ဒီတစ်ဖွဲ့စည်းထဲ မဟုတ်ဘဲနဲ့ ဒီအဖွဲ့ပေါင်း ပြည်ထောင်စု အစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များပါတယ်။ ကျွန်တော်တို့ အားလုံးပါပါတယ်။

ဒီအပြင် တစ်ခုစီ ပြန်ရေတွက်မယ်ဆိုရင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေမှူးကအစ နိုင်ငံတော်ဝန်ထမ်းများအဆင့်အထိ အမှတ်စဉ်(၁၅)အထိ တိုင်ကြားစာ ရောက်လာတာကို တွေ့ ရပါတယ်။ အဲဒါခြုံပြီးတော့ သုံးသပ်မယ်ဆိုရင် ကျွန်တော်တို့ ဒါကို အထက်က အရေးယူမှု၊ မျက်နှာလိုက်မှုရှိတဲ့အတွက် လူထုတွေဟာ မခံစားနိုင်တဲ့အတွက် တိုင်ကြားစာများ ဤကဲ့သို့ ပေါများခြင်း ပေါ်လွင်ထင်ရှားတဲ့အတွက် ဤတိုင်ကြားစာများနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်အနေနဲ့ လေးလေးနက်နက် အရေးယူပေးသင့်ကြောင်း ကိုလည်း ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

ဒါကြောင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာပါ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မတူပီမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က ထောက်ခံဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၀၃။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသား လွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း တင်သွင်းသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက် ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ပါရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၃း၀၃။

ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန -၂)။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ကျန်းမာကြပါစေကြောင်း ဆုမွန်းကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ရဲ့ အဆိုနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း ပဏာမပြောကြားလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကို အဖက်ဖက်မှတိုးတက်အောင် ဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများဟာ အဓိက အရေးကြီးတဲ့ကဏ္ဍမှ ပါဝင်နေတာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ယန္တရားကို လည်ပတ်အောင် ပါဝင်ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ပြည်ထောင်စုအဆင့်အနေဖြင့် တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်လည်း ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ အဖွဲ့များကို စနစ်တကျဖွဲ့စည်း ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟာ ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ဝန်ကြီးဌာနအဖွဲ့အစည်းများသို့ ကျွန်တော်တို့ ဖြန့်ဝေပေးခဲ့ပြီးတော့ ဝန်ထမ်းများကို လိုက်နာကျင့်ကြံ ဆောင်ရွက်စေလျက် ရှိပါတယ်။ အဆိုပါ စာအုပ်မှာ ကျွန်တော်တို့ အခန်း(၁)ကနေ အခန်း(၂၀)အထိပါရှိပြီးတော့ တင်ပြ လာတဲ့ ဝင်စာတွေ၊ မေးမြန်းစာတွေ၊ စုံစမ်းချက်တွေကို ကျွန်တော်တို့ ပြန်ကြားခြင်း၊ အစီရင်ခံစာ များကို ဆောင်ရွက်ရာမှာ ကြန့်ကြာမှုမရှိစေရေးအတွက် ကျွန်တော်တို့ ဦးစားပေး အဆင့်အလိုက် ချက်ချင်းဆောင်ရွက်ဖို့၊ နောက်တစ်ခါ (၂၄)နာရီအတွင်းဆောင်ရွက်ဖို့၊ (၇၂)နာရီ အတွင်း အပြီးဆောင်ရွက်ဖို့ ဆိုပြီးတော့ ကျွန်တော်တို့ စည်းကမ်းချက်တွေနဲ့ ချမှတ်ထားသလို မှတ်တမ်းများ စနစ်တကျထိန်းသိမ်းရန် စည်းကမ်းချက်များ ဖော်ပြထားပြီးဖြစ်ပါတယ်။ အုပ်ချုပ်ရေး

ပုံစံအသစ်နှင့်အညီ အနှစ်သာရအားဖြင့် တူညီတဲ့ ရုံးလုပ်ငန်းဆိုင်ရာ ကျင့်သုံးပုံစနစ် တပြေးညီ လိုက်နာကျင့်သုံးနိုင်စေရန် အချက်အလက်များလည်း အဲဒီစာအုပ်မှာ ဖော်ပြထားပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှာ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားပေးရန် အာဆီယံလူစွမ်းအားဗဟိုဌာနကို ကျွန်တော်တို့ ၂၀၀၄ ခုနှစ်မှ စတင် ဖွင့်လှစ်ပြီးတော့ ဝန်ကြီးဌာနအဖွဲ့အစည်းများမှာရှိတဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ နည်းပြတာဝန် ထမ်းဆောင်လျက်ရှိသူများကို နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်ရေး၊ သင်ကြားရေး သင်တန်းများ ဖွင့်လှစ်ပြီးတော့ ကျွန်တော်တို့ ပို့ချပေးလျက်ရှိပါတယ်။ ဒါကလည်း ဝန်ထမ်းများရဲ့ အရည်အသွေး၊ အရည်အချင်း တိုးတက်အောင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှလည်း နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက် မြင့်မားစေရေးအတွက်၊ ခံယူချက် မှန်ကန်စေရေး၊ ပေးအပ်တဲ့တာဝန်များ ကျေပွန်စွာထမ်းဆောင် နိုင်ရေးတို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်မှာရှိတဲ့ ပညာဌာန(၆)ခုမှာ လေ့ကျင့်ပညာပေး လျက်ရှိပါတယ်။ ဒီလိုလေ့ကျင့် ပညာပေးရာမှာ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းလောင်း အခြေခံသင်တန်း၊ အရာထမ်းငယ်အခြေခံသင်တန်း၊ စာရေးဝန်ထမ်း ကြီးကြပ်မှုသင်တန်း၊ စာရေး ဝန်ထမ်း အခြေခံသင်တန်းများမှာဆိုရင် စီမံခန့်ခွဲမှုပညာဌာနက စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ရုံးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပညာ ပေးတဲ့အပြင် ပြည်သူ့အမှုထမ်းနှင့် ဆက်ဆံဆောင်ရွက်ရာမှာ အဆင်ပြေ ချောမွေ့စေရေးအတွက် လူမှုပညာဌာနက လူမှုဆက်နွယ်ရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့နီတိဘာသာရပ်များကို ထည့်သွင်းပြီးတော့ လေ့ကျင့်သင်ကြား ပို့ချလျက်ရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများရဲ့ ရပိုင်ခွင့်၊ ရနိုင်ခွင့်၊ ခံစားခွင့်၊ အခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိမှသာလျှင် ဝန်ထမ်းများရဲ့ စိတ်ရှင်လန်း တက်ကြွစွာနဲ့ နိုင်ငံ့အကျိုး၊ ဌာနအကျိုးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ၁၉၈၄ ခုနှစ်၊ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ကောက်နုတ်ချက်စာစောင်ပါ ဝန်ထမ်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးခံစားခွင့်ပြုခြင်း၊ ကြိုတင်နှစ်တိုး ခွင့်ပြုခြင်း၊ ခွင့်ခံစားခွင့်ပြုခြင်း၊ ဥာဏ်ပူဇော်ခ၊ အခကြေးငွေ ချီးမြှင့်ခြင်း၊ ကူးပြောင်းချိန်မှာ ကျွန်တော်တို့ ခံစားခွင့်ပေးခြင်း၊ ပင်စင်ခံစားခွင့် ပေးခြင်း၊ ယာယီရှားပါးစရိတ်၊ အပိုထောက်ပံ့ကြေးနဲ့ လစာနှုန်းများ တိုးမြှင့်ပေးခြင်း၊ ပင်စင်

လစာများ တိုးမြှင့်ပေးခြင်း စတဲ့ ဝန်ထမ်းသက်သာ ချောင်ချိရေးများကိုလည်း ကျွန်တော်တို့ ပြဋ္ဌာန်းချက်များနဲ့ ဆောင်ရွက်ပေး လျက်ရှိပါတယ်။

အဲဒီတော့ သက်သာချောင်ချိရေးနဲ့ စည်းကမ်းပိုင်း ဟန်ချက်ညီအောင် ကျွန်တော်တို့ စည်းကမ်းပိုင်းမှာလည်း နိုင်ငံ့ဝန်ထမ်းများ ဥပဒေချိုးဖောက်ခြင်း၊ စည်းကမ်းပျက်ယွင်းခြင်း၊ စာရိတ္တပျက်ပြားခြင်း၊ လုပ်ငန်းတာဝန် မကျေပွန်ခြင်း၊ ဌာနဆိုင်ရာ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်းတို့ရှိလာရင်း ကျွန်တော်တို့ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး ဆိုင်ရာ ပြစ်ဒဏ်(၉)မျိုးနဲ့ တိတိကျကျ အရေးယူအပြစ်ပေးမှု ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေနှင့်အညီ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေး အရေးယူခြင်းဖြင့်လည်း ပြတ်ပြတ်သားသား အရေးယူလျက် ရှိပါတယ် အခုချိန်မှာ။ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူများဖြစ်တဲ့ ဝန်ထမ်းကောင်းဖြစ်စေရေး၊ ဥပဒေကို နားလည်ပြီး စည်းကမ်းတကျ နေထိုင်တတ်စေရေး၊ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတစေရေး၊ လူညွှန့်တုံးပြီးတော့ စိတ်ဓာတ်လုံးဝ ပျက်ပြားသွားစေမယ့် ပြစ်ဒဏ်မျိုး မချမှတ်ရေး၊ ပြစ်ဒဏ်ကျခံပြီးပါကလည်း နိုင်ငံနှင့်ဌာန အကျိုးကို ယခင်ကထက် ပိုမိုကြိုးပမ်းသယ်ပိုးစိတ် ရှိလာစေရေး၊ ခံယူချက် မှန်ကန်ရေး၊ ပိုမိုမြင့်မားလာစေရေး စသည်တို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ သမ္မတရုံးဝန်ကြီးဌာန(၂)အနေနဲ့ ပြည်ထောင်စုဝန်ကြီးကလည်း ပြည်ထောင်စုဝန်ကြီးဌာနများရှိ နိုင်ငံ့ဝန်ထမ်း အကြီးအကဲများဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရုံးအဖွဲ့မှူးများကို ၆-၅-၂၀၁၁ ရက်နေ့တွင်ခေါ်ယူတွေ့ဆုံပြီးတော့ နိုင်ငံတော်သမ္မတကြီး မိန့်ကြားခဲ့တဲ့ မိန့်ခွန်းကြီး(၃)ရပ်ထဲက လမ်းညွှန်သွားသော အချက်များ အနက် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် (Good Governance)နှင့် သန့်ရှင်းသောအစိုးရ (Clean Goverment) ဖြစ်ရေးတို့ကို ဝန်ထမ်းများပါ လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ ထမ်းဆောင်နိုင်ရေးကို အကျယ်တဝင့် ဆွေးနွေးမှာကြား ရှင်းလင်းညွှန်ကြားပြီးလည်း ဖြစ်ပါတယ်။

ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ စိတ်ကောင်းစေတနာနှင့် အမျိုးသားနိုင်ငံရေးအသိ စိတ်ဓာတ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင်လို့ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိမယ်ဆိုရင် ဘယ်သူ့အမိန့်မှ စောင့်နေရန်မလိုဘဲ ရဲရဲလုပ်ဖို့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ကလည်း ပွင့်ပွင့်လင်းလင်း ညွှန်ကြားပြီးဖြစ်ပါတယ်။ စနစ်တစ်ခုက စနစ်တစ်ခုကို

ကူးပြောင်းနေချိန်ဖြစ်တဲ့ ကြားကာလမှာ လူတွေရဲ့ သဘောသဘာဝအတိုင်း မကောင်းတဲ့ အကျင့်ဆိုး၊ အကျင့်ဟောင်းများကို ချက်ချင်းမစွန့်လွှတ်နိုင်သေးသူများနဲ့ ရတဲ့လက်ကျန် အချိန်လေးမှာ ချောင်ကောင်းကောင်းမှာ အောင်ပွဲခံမယ်ဆိုတဲ့ ပုဂ္ဂိုလ်များလည်း ကျွန်တော်တို့ ဖော်ထုတ်ဖယ်ရှားပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ နေရာတိုင်းတော့ အနှံ့မရောက်နိုင်သေးဘူးလို့ ဝန်ခံရမှာ ဖြစ်ပါတယ်။

သို့သော် ကျွန်တော်တို့ လူမျိုးရဲ့ ကောင်းတဲ့အကျင့်လား၊ မကောင်းတဲ့အကျင့်လား ကျွန်တော်လည်း ခွဲခြားနားမလည်နိုင်တဲ့ အကျင့်ကတော့ အမုန်းခံပြီးတော့ မိမိကိုယ်တိုင်က တရားလို မလုပ်လိုမှု၊ သက်သေလိုက်ရန် ဝန်လေးမှုနဲ့ တစ်ဖက်သား ကိုယ့်ကြောင့် ဒုက္ခရောက်သွားရင် မကောင်းပါဘူးဆိုတဲ့ အတွေးအခေါ်ကြောင့် အမှန်တရား ဖော်ထုတ်တဲ့နေရာမှာ အခက်အခဲတွေ့ရသလို အမှန်တရားဖော်ထုတ်သူကို မချီးကျူးပဲနဲ့ တီးတိုးအပြစ်တင် ဝေဖန်မှုတွေကြောင့် ကျွန်တော်တို့ အမှန်တရားဟာ မီးခဲပြာဖုံး ဖြစ်ရတာက များနေသေးပါတယ်။ သို့သော် အချိန်တန်ရင်တော့ ဒီမိုကရေစီကျင့်စဉ်အတိုင်း အကောင်အထည် ပေါ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ နိုင်ငံ့ဝန်ထမ်းများကြောင့် ပြည်သူလူထုများအကြား အဆင်မပြေမှု၊ နစ်နာမှု၊ မကျေနပ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတထံ တိုက်ရိုက်တင်ပြတာ ရှိပါတယ်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကနေ တက်တာရှိပါတယ်။ ဒီ လွှတ်တော်ကော်မတီ အသီးသီးရဲ့ တင်ပြတိုင်ကြားပြီးတော့မှ ဒီ ဌာနတွေကနေတစ်ဆင့် ကျွန်တော်တို့ဆီ ရောက်လာတဲ့ တိုင်ကြားစာများကို နိုင်ငံတော်သမ္မတအနေနဲ့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂)မှ ပြည်ထောင်စုဝန်ကြီးကို ကျွန်တော်တို့ စနစ်တကျ စိစစ်ကြပ်မတ်စေခြင်းနဲ့ နိုင်ငံတော်သမ္မတထံ တင်ပြအဆုံးအဖြတ် ယူခြင်းတို့ဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးအပ်ထားပါတယ်။

ဒါကြောင့် သမ္မတရုံးဝန်ကြီးဌာန(၂)အနေဖြင့် Good Governance and Clean Goverment နှင့် ပတ်သက်ပြီးတော့ စိစစ်ဆောင်ရွက်ခဲ့ရာ ကျွန်တော်တို့ ၅-၄-၂၀၁၁ ရက်နေ့ကနေ ၃၀-၉-၂၀၁၂ ရက်နေ့အထိ ကာလအတွင်းမှာ ကျွန်တော်တို့ တင်ပြလာတဲ့ စာ အစောင်ရေက (၁၆၅၁၉)စောင် ရှိပါတယ်။ အဲဒီတော့ စိစစ်ပြီးက (၇၈၁၉)မှု ရှိပါတယ်။ အဆင့်မမီလို့ အကြိမ်ကြိမ်တိုင်ကြားတာ (၁၃၂၅)မှု ရှိပါတယ်။ ဆက်လက်စိစစ်ဆဲက (၈၇၀၀) ရှိပါတယ်။ အဲဒီ အမှုများနဲ့ ပတ်သက်ပြီးတော့ တရားရေးကဏ္ဍမှာ တရားသူကြီးများကို တိုင်ကြားတဲ့အမှုက (၁၆၇)မှု၊ တရားစီရင်မှုကို တိုင်ကြားတာက(၃၆၇)မှု၊ ရှေ့နေများကို တိုင်ကြားတဲ့အမှုက(၆၁)မှု၊

တရားမအမှုမှာ အမွေမှုက(၄၀)မှု၊ မြေမှုက(၈၄၂)မှု၊ ရာဇဝတ်မှုမှာ အလွဲသုံးစားမှုက(၁၃၂)မှု၊ လူသတ်မှု(၂၅)မှု၊ မုဒိမ်းမှု(၄၈)မှု၊ အမျိုးသမီး(၁၃)မှု၊ ညှင်းပန်းနှိပ်စက်မှု(၅၇)မှု၊ လိမ်လည်မှု (၁၁၃)မှု ရှိပါတယ်။ လာဘ်ပေးလာဘ်ယူမှုက (၁၁၃)မှု ရှိပါတယ်။ ဘာသာရေးဆိုင်ရာ(၁၁၆)မှု၊ အရပ်သားအချင်းချင်း တိုင်ကြားမှုက (၁၅၀၄)မှု ရှိပါတယ်။

ကျေးရွာအုပ်ချုပ်ရေးမှူးများကို တိုင်တာက(၄၁၃)မှု၊ ဝန်ထမ်းများနဲ့ ပတ်သက်ပြီး တိုင်ကြားရာမှာ တပ်မတော်ဆိုင်ရာ(၁၈၅)မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ(၃၀၃)မှု၊ ဆရာဝန်များ တိုင်ကြားမှု(၃၇)မှု၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများကို တိုင်ကြားမှု(၉၅)မှု၊ စည်ပင်ဝန်ထမ်း တိုင်ကြားမှု (၂၄၆)မှု၊ ပညာရေးဝန်ထမ်းများတိုင်ကြားမှု(၁၄၇)မှု၊ ပါတီဆိုင်ရာ တိုင်ကြားမှု(၅)မှု၊ မ.ထ.သ ဆိုင်ရာတိုင်ကြားမှု(၃)မှု၊ အထွေထွေဆိုင်ရာ တိုင်ကြားမှု(၁၄၆၂)မှု တို့ကို စိစစ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ မနာလိုဝန်တိုမှု၊ လုပ်ကြံမှု၊ အသရေပျက်စေလိုမှုနဲ့ တစ်ဖက်သတ် အနိုင်ရလိုမှု ကြောင့် မတရားတိုင်ကြားလာမှုတွေ စတဲ့ မမှန်မကန်တင်ပြ တိုင်ကြားလာမှုကိုလည်း သင့်တော်သလို ပြန်ပြီးတော့ အရေးယူမှုများ အဆင့်ဆင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အသနားခံစာ၊ တင်ပြစာ၊ တိုင်ကြားစာများအရလည်း ကျွန်တော်တို့ အခု PE,DE များနဲ့ စိစစ်ဆောင်ရွက်ခဲ့ပြီးတော့ ပြစ်မှုကျူးလွန်ကြောင်း မှန်ကန်သူများကို သက်ဆိုင်ရာ အမှုအလိုက် ထောင်ချထုတ်ပစ်ခြင်း၊ ရှုံ့ချထုတ်ပစ်ခြင်း၊ အငြိမ်းစားပေးခြင်း၊ အဆင့်လျှော့ချခြင်း၊ အဆင့်တိုး ရပ်ဆိုင်းခြင်း၊ နယ်မြေပြောင်းရွှေ့ခြင်း၊ မှတ်တမ်းတင် သတိပေးခြင်း၊ နှုတ်ဖြင့် သတိပေးခြင်း စသည်ဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့ အခါမှာ ကျွန်တော်တို့ ၁-၄-၂၀၁၁ ရက်နေ့မှ ၃၀-၉-၂၀၁၂ ရက်နေ့ ကာလအတွင်းမှာ အပြစ်ပေး အရေးယူခဲ့တဲ့ ကိစ္စရပ်များတွေမှာ သတိပေးခံရသူက (၄၃၁၁)ဦးရှိပါတယ်။ နှစ်တိုးလစာ ရပ်ဆိုင်းခံရသူ(၈၁၆)ဦး၊ ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်းခံရသူ(၁၈၃)ဦး၊ လစာလျှော့ချခံရသူ (၂၆၆၆)ဦး၊ ရာထူးအလျှော့ချခံရသူ(၈၉၆)ဦး၊ လစာကနေ ပေးလျှော်ရတဲ့သူက(၈၀)ဦး၊ တာဝန်ကနေ ယာယီရပ်ဆိုင်းခံရသူ (၁၃၄)ဦး၊ ရာထူးမှ ထုတ်ပယ်ခံရသူ(၁၇၃၈)ဦး၊ ဝန်ထမ်းအဖြစ်ကနေ ထုတ်ပယ်ခံရသူ(၄၉၇၀)ဦး၊ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခံရသူ (၈၆)ဦး၊ ရဲနဲ့ပတ်သက်လို့ ရဲအချုပ်မှာ ထောင်ဒဏ်အချုပ်ခံ ရသူက (၃၈၀)ဦး၊ ရဲအမှုထမ်းသက် လျှော့ချခံရသူ(၆၈၆)ဦး၊

မယူမနေရ အငြိမ်းစားပင်စင် အပေးခံရသူ(၁၇)ဦး၊ ပြောင်းရွှေ့ပြစ်ဒဏ်(၃၉)ဦး စုစုပေါင်း ကျွန်တော်တို့ (၁၆၉၀၂)ဦး အရေးယူခဲ့တာ ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ နေရာအနှံ့ မလိုက်နိုင်သေးတာရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ဆီ တင်ပြသော်လည်းပဲ ကျွန်တော်တို့ နေ့မအား၊ ညမနား လုပ်သော်လည်းပဲ ကျွန်တော်တို့ကိုယ်တိုင် အမှုတွေများလွန်းတဲ့အတွက် ဒီဖတ်ဖို့၊ မှတ်ဖို့၊ အရေးယူဖို့၊ ညွှန်ကြားချက် ထုတ်ပြန်ဖို့ အချိန်မလုံလောက်တဲ့အတွက် အမှုလက်ကျန်(၈၀၀၀)ကျော် ကျန်နေတာ တွေ့ရပါတယ်။ အဲဒီတော့ နိုင်ငံတော်အစိုးရအနေနဲ့ ဆက်လက်ပြီးတော့ No one is above the law. Everyone is equal before the Law ဆိုတဲ့အတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို ရှုပ်သိမ်းပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

အချိန်၊ ၁၃း၁၈။

ဒုတိယဥက္ကဋ္ဌ။ ။ အဆိုရှင် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း က မိမိရဲ့အဆိုကို ရှုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြပါ။

အချိန်၊ ၁၃း၁၈။

ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)။ ။ ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်တို့ အဆိုမှာကိုက ကျွန်တော်တင်ပြထားတာမှာ ဒီမိုကရေစီနိုင်ငံတော် ထူထောင်တဲ့နေရာမှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးအတွက် ဒါ နောက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းတာဝန် ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနဲ့အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆိုတာတွေ ပါပါတယ်။ ပြီးရင် ဥပဒေချိုးဖောက်ကာ၊ လုပ်ကိုင်ဆောင်ရွက် နေသူများကိုလည်း ဥပဒေနှင့် အညီ ထိရောက်စွာ အရေးယူပါရန် ဒီလို ခွဲထားပါတယ်။ အဲဒီတော့ ဒီလို ကျွန်တော်တို့ တိုင်စာ တွေကတော့ ကျွန်တော် တင်ပြလိုတာကတော့ သမ္မတဆီ လိပ်မူတိုင်တာလည်း ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌများဆီကို လိပ်မူတိုင်တာလည်း ရှိပါတယ်။ လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီအသီးသီးကိုလည်း တိုင်ကြားထားတာ တွေလည်း ရှိပါတယ်။ အဲဒီတော့

ကျွန်တော်တို့ ဒီလို တိုင်ကြားလာတယ် ဆိုကတည်းက ကျွန်တော်တို့ ဒီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း နဲ့အညီ မလုပ်ကြလို့၊ ပြီးတော့ ထိထိရောက်ရောက် အရေးမယူလို့ ဆိုတဲ့ဟာမျိုး ကျွန်တော်တို့ သုံးသပ်တွေ့ရှိရပါတယ်။ အဲဒီတော့ ဒါတွေကို ကျွန်တော်တို့က ထိထိရောက်ရောက် ဆောင်ရွက်ပေးစေချင်တဲ့သဘော၊ ဆောင်ရွက်ပေးစေလိုတဲ့ ပြည်သူ့အကျိုးအတွက် ကျွန်တော်တို့က အဆိုပြုတင်ပြထားခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူလိုကြောင်း တင်ပြပါတယ်။

အချိန်၊ ၁၃း၂၀။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း တင်သွင်းတဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်ရေးအတွက် အုပ်ချုပ်ရေးအာဏာ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် အဆင့်ဆင့်သော အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တိကျစွာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဥပဒေချိုးဖောက်ကာ လုပ်ကိုင်ဆောင်ရွက် နေသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုကို ထောက်ခံဆန္ဒမဲပေါင်း (၁၃၅)မဲ ဖြစ်ပါတယ်။ ကန့်ကွက် ဆန္ဒမဲပေါင်း (၅၁)မဲ ဖြစ်ပါတယ်။ ကြားနေ ဆန္ဒမဲပေါင်း (၁)မဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထောက်ခံဆန္ဒမဲ များတဲ့အတွက် ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်း မပြုဘဲ အားလုံးကို တပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

အချိန်၊ ၁၃း၂၂။

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ်အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က အခြေခံပညာအထက်တန်း ကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်း မပြုဘဲ အားလုံးကို တပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်း ပြုပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးအုန်းတင် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၃း၂၂။

ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဒီနေ့ တင်သွင်းမယ့် အဆိုကတော့ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်းမပြုဘဲ အားလုံးကို တပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း(ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို

တိုင်းဒေသကြီးနှင့် ပြည်နယ် ခွဲခြား၍ စစ်ဆေးမေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်း တစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အကြောင်း အဆိုပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို လေးစားသော အားဖြင့် ကျွန်တော်၏ အဆိုအား စာဖတ်ကြား၍ တင်သွင်းခွင့်ပြုပါရန်နှင့် လိုအပ်သော နေရာ များ၌ အင်္ဂလိပ်စာ အသုံးအနှုန်းများကို သုံးစွဲခွင့်ပြုပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာအရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပေါ်ထွန်းရေးနဲ့ပတ်သက်လို့ ကျွန်တော် ပြောချင်ပါတယ်။ နိုင်ငံ တစ်နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးသည် ထိုနိုင်ငံသားတို့ ပညာအရည်အချင်း မြင့်မားမှုအပေါ်တွင် တည်မှီလျက်ရှိပါသည်။ ပညာအရည်အချင်းဟုဆိုရာတွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာ အရည်အချင်းနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အရည်အချင်း နှစ်ခုစလုံးကို ဆိုလိုပါသည်။ မည်သည့်ဘာသာရပ်က မည်သည့်ဘာသာရပ်ထက် ပို၍ အရေးကြီးသည်မရှိ၊ အားလုံးအတူတူပင် အရေးကြီးပါသည်။ ထို့ကြောင့် ဝိဇ္ဇာပညာရပ် များဆိုင်ရာ ဘာသာရပ်များကိုလည်းကောင်း၊ သိပ္ပံပညာရပ်များဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း ကျောင်းသားလူငယ်များ ကျွမ်းကျင်စွာသိရှိတတ်မြောက်နိုင်ရန် အတွက် အခြေခံကျောင်းများတွင် သင်ကြားပို့ချပေးနေရခြင်း ဖြစ်ပေသည်။ အခြေခံပညာ အဆင့်အတန်းများ အောင်မြင်ပြီး မြောက်၍ အဆင့်မြင့်ပညာအတန်းများတွင်သာ မိမိတို့ ရရှိ ထားသော အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ဘာသာရပ်များနှင့် အထူးပြုဘာသာရပ်များအပေါ် တွင်သာ အဓိကထား၍ လေ့လာသင်ကြားရမည်ဖြစ်ရာ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်အားလုံးကို လေ့လာသင်ကြားနိုင်ရန်မှာ မဖြစ်နိုင်တော့ပါ။

ထို့ကြောင့် ဝိဇ္ဇာပညာရပ်နှင့် သိပ္ပံပညာရပ်တို့၏ အခြေခံသဘောတရားများကို အခြေခံပညာကျောင်းများကပင် သိရှိနားလည်ရန် လိုအပ်ပေသည်။ ယနေ့ခေတ် နိုင်ငံ တစ်နိုင်ငံတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သိပ္ပံဘာသာရပ်ဆိုင်ရာ အတတ်ပညာများကို တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်သကဲ့သို့ ဝိဇ္ဇာပညာရပ်ဆိုင်ရာ အတွေးအခေါ်၊ အယူအဆများကိုလည်း တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ပေသည်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအလယ်တန်း အဋ္ဌမတန်းကို အောင်မြင်ပြီးသော ကျောင်းသားတစ်ဦးသည် အခြေခံပညာအထက်တန်း ပထမနှစ် နဝမတန်းတွင် ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲနှင့် ဝိဇ္ဇာသိပ္ပံတွဲဟူ၍ ခွဲခြားထားသော ဘာသာတွဲ(၃)ခုအနက် ဘာသာတွဲ တစ်ခုခုတွင် မိမိတို့ ကြိုက်ရာဘာသာတွဲကို သင်ယူကြရပါတယ်။ သိပ္ပံတွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာများ ပါဝင်ပါသည်။ ဝိဇ္ဇာတွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်းနှင့် ဘောဂဗေဒ သို့မဟုတ် စိတ်ကြိုက်မြန်မာစာတို့ကို သင်ယူကြရပါသည်။ ဝိဇ္ဇာသိပ္ပံတွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဘောဂဗေဒ၊ ပထဝီ၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာတို့ အနက် ကြိုက်ရာဘာသာရပ်တစ်ခုခုကို သင်ယူကြရပါတယ်။ သို့ဖြစ်ရာ အခြေခံပညာအထက်တန်း ပထမနှစ် နဝမတန်းမှစ၍ သိပ္ပံဘာသာတွဲ ကျောင်းသားများသည် ဝိဇ္ဇာဘာသာရပ်များနှင့်လည်းကောင်း၊ ဝိဇ္ဇာဘာသာတွဲ ကျောင်းသား အများစုသည် သိပ္ပံဘာသာရပ်များနှင့်လည်းကောင်း လမ်းခွဲခဲ့ကြရပေတော့သည်။ နောက်နှစ် တက္ကသိုလ်ဝင်တန်း ဒသမတန်းတွင် နှစ်ချင်းပေါက်အောင်မြင်နိုင်ရေး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုသို့ ဝင်ရောက်ခွင့် ရရှိရေးတို့အတွက် အောင်မှတ်များများ ရရှိရေးတို့ကို ရည်မှန်းပြီး မိမိတို့ ဘာသာတွဲဆိုင်ရာ ဘာသာရပ်များကိုသာ အားသွန်ခွန်စိုက် ကျက်မှတ်ကြရ ပေတော့သည်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ ဝင်ခွင့်ပြုရန် ရွေးချယ်သောစနစ်မှာ တက္ကသိုလ်ဝင်တန်း(ဒသမတန်း) စာမေးပွဲတွင်ရရှိသော အောင်မှတ် အများ/အနည်းအလိုက်အပေါ် မူတည်၍ ရွေးချယ်သောစနစ်ပင် ဖြစ်ပေသည်။ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် အခြားနည်းပညာဆိုင်ရာ ကောလိပ်နှင့် သိပ္ပံများသို့ တက္ကသိုလ်ဝင်တန်းတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်လာကြသော သိပ္ပံကျောင်းသားများ၏ အောင်မှတ်အများ/အနည်းအလိုက် ရွေးချယ်ပြီး ကျန်အခြား အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် သိပ္ပံတွဲနှင့် ဝိဇ္ဇာတွဲ ကျောင်းသားများ၏ အမှတ်အနည်း/အများပေါ် မူတည်၍ ရွေးချယ်ရပါတယ်။ ဤသို့ ရွေးချယ်မှုစနစ်ကြောင့် သိပ္ပံတွဲကျောင်းသားများသည် ဝိဇ္ဇာတွဲကျောင်းသားများထက် ပိုမိုအခွင့်အရေး ရရှိနေပါသည်။

ဤသို့ဖြစ်ရသည်မှာ ဝိဇ္ဇာဘာသာတွဲ ကျောင်းသားများအနေနှင့် အခြေခံပညာ အလယ်တန်း အဌမတန်းစာမေးပွဲ၌ ရမှတ်နည်းခဲ့ခြင်းကြောင့် မဟုတ်ဘဲ ရွေးချယ်မှု မှားယွင်းခဲ့သောကြောင့် ဖြစ်ပါသည်။ ဤကဲ့သို့ အခြေခံပညာအထက်တန်းအဆင့်တွင် သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲခွဲ၍ သင်ကြားပေးလိုက်ခြင်းကြောင့် ဝိဇ္ဇာဘာသာတွဲ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ ဝင်ရောက်နိုင်ခွင့် မျှော်လင့်ချက်ကင်းဝေးလျက် စိတ်ဓာတ်ရေးရာအားဖြင့် နိမ့်ကျနေကြသည်ဟု ခံစားလာရပါသည်။ အကယ်၍ အခြေခံပညာ အထက်တန်းအဆင့်တွင် ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲဟူ၍ ခွဲခြားခြင်းမပြုဘဲ သင်ကြားပို့ချပေးမည်ဆိုပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရေးမျှော်မှန်းချက်ဖြင့် ကျောင်းသား၊ ကျောင်းသူ အားလုံးက အပြိုင်အဆိုင်ကြိုးစား လာကြမည်ဖြစ်ပြီး စိတ်ဓာတ်ရေးရာအားဖြင့် မြင့်တက်နိုးကြား လာကြမည် ဖြစ်ပါသည်။

ကျောင်းသားတစ်ဦးဟာ (၆)နှစ်သားအရွယ်က ကျောင်းစနေရပါသည်။ တစ်နှစ်လျှင် တစ်တန်းမှန်မှန်အောင်မြင်မည်ဆိုပါလျှင် (၁၄) နှစ်သားအရွယ်မှာ အခြေခံပညာ အလယ်တန်း အဌမတန်းကို အောင်မြင်ပါသည်။ ဤကဲ့သို့ အဌမတန်း အောင်သည့်အချိန်မှာ ဝိဇ္ဇာတွဲကိုယူမည် သို့မဟုတ် သိပ္ပံတွဲကို ယူမည်ဆိုသော အဆုံးအဖြတ်ကို ပေးကြရပါ တော့သည်။ တချို့သော ကျောင်းသားများက မိဘများက တိုက်တွန်းသည့် အတွက်ကြောင့်သော်လည်းကောင်း၊ တချို့က မိမိ၏အပေါင်းအသင်းများ တိုက်တွန်းသည့် အတွက်ကြောင့်သော်လည်းကောင်း၊ တချို့က မိမိကြိုက်နှစ်သက်၍သော်လည်းကောင်း ဝိဇ္ဇာတွဲ သို့မဟုတ် သိပ္ပံတွဲကို ရွေးချယ်ကြရပါတော့သည်။ ဤသို့အားဖြင့် အခြေခံပညာအထက်တန်းအစ နဝမတန်းတွင် ဝိဇ္ဇာဘာသာတွဲ ကျောင်းသားနှင့် သိပ္ပံဘာသာတွဲ ကျောင်းသားဟူ၍ နှစ်မျိုးပေါ်ပေါက်လာရ ပေတော့သည်။ ဤသို့ အခြေခံပညာ အထက်တန်း နဝမတန်းမှစ၍ ဘာသာတွဲ ခွဲခြားလိုက်သည့် အတွက်ကြောင့် ဝိဇ္ဇာဘာသာတွဲ ကျောင်းသားများသည် အခြေခံသိပ္ပံဘာသာရပ် ဆိုင်ရာအတန်းများကို သင်ယူခွင့်မရကြရတော့ သကဲ့သို့ သိပ္ပံဘာသာတွဲ ကျောင်းသားများကလည်း ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ အတတ်ပညာများကို သင်ယူခွင့် မရကြတော့ပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်ကြိုးပမ်းလုပ်ဆောင်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ခေတ်မီ

ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် အလျင်အမြန် ဖြစ်ပေါ်လာရန်အတွက် ဘက်စုံ အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ရှိဖို့လိုပါသည်။ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ (ဃ)တွင် နိုင်ငံတော်သည် ဘက်စုံ အတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုး ပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်ဟု ပြဋ္ဌာန်းထားပြီး၊ ပုဒ်မ ၃၃ တွင် နိုင်ငံတော် သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၄၉ (စ)တွင် နိုင်ငံသားများသည် ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာ ရပ်များ ရှာဖွေထုတ်ဖော်မှုတွင် တူညီသောအခွင့်အလမ်းများ ရရှိစေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များပါ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်နိုင်ရန် အတွက် ကျောင်းသားလူငယ်များအား အခြေခံပညာအထက်တန်းအဆင့်တွင် ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲ ဟူ၍ ခွဲခြားခြင်းမပြုဘဲ အားလုံးကို တစ်ပေါင်းတည်း၊ တပြေးညီ သင်ကြားပို့ချပေးရန် လိုအပ် သည်ဟု ယူဆပါသည်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါတွင် အခြေခံပညာအထက်တန်း(ဒသမတန်း)တွင် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် စာစစ်အဖွဲ့များဖွဲ့ပြီး မတူကွဲပြားသော မေးခွန်းများဖြင့် စစ်ဆေးခြင်း၊ အမှတ်ပေးခြင်းနှင့် အအောင်/အရှုံး ပေးခြင်းတို့ကို ပြုလုပ်နေကြောင်း တွေ့ရှိနေရပါသည်။ ဤကဲ့သို့ ဒေသအလိုက် မတူကွဲပြားသော မေးခွန်းများဖြင့် မေးမြန်းခြင်း၊ ဒေသအလိုက် စာစစ်အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးခြင်း၊ အမှတ်ပေးခြင်း၊ အအောင်/အရှုံး အဆုံးအဖြတ်ပေးခြင်းတို့ကြောင့် အခြေခံပညာ အထက်တန်း (ဒသမတန်း) အောင်မြင်လာကြသော ကျောင်းသားများ၏ အရည်အချင်းအပေါ် အကဲခတ်မှုနှင့် ပတ်သက်၍ ဝိဝါဒကွဲပြားမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ မေးခွန်းများမှာ တစ်နိုင်ငံလုံးအတွက် တစ်ခုတည်း မဟုတ်ဘဲ မတူကွဲပြားနေသည့်အတွက် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ် များ၏ မေးခွန်းများမှာ လွယ်ကူပြီး အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မေးခွန်းများမှာ ခက်ခဲသောမေးခွန်းများ ဖြစ်လာနိုင်ပါသည်။ ဤသို့ မေးခွန်းများ မတူကွဲပြားသည့်အတွက် စာဖြေသူ ကျောင်းသားများ၏ အရည်အချင်းကို အကဲဖြတ်ရာတွင် အငြင်းပွားစရာ အခက်အခဲ များနှင့် ရင်ဆိုင်လာရပါတော့သည်။

သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးရှိ စာဖြေသူကျောင်းသားအားလုံးအတွက် မေးခွန်းတစ်မျိုး တည်းဖြင့်တပြေးညီ မေးမြန်းစစ်ဆေးသင့်ပါသည်ခင်ဗျား။ ထို့ပြင် စာမေးပွဲမေးခွန်း အဖြေလွှာ များကို အမှတ်ပေးစစ်ဆေးရာတွင်လည်း ဒေသဆိုင်ရာအလိုက် စာစစ်အဖွဲ့များ ကွဲပြားနေသည့် အတွက် ကျောင်းသားများ၏ ရမှတ်များသည်လည်း ဒေသအလိုက် ကွဲပြားနိုင်ပါသည်။ ဤသို့ မေးခွန်းများ မတူညီခြင်း၊ စာစစ်အဖွဲ့များမတူညီခြင်းတို့အပေါ် အခွင့်အရေးယူသည့်အနေဖြင့် အချို့သောကျောင်းသားများသည် ပညာသင်ကြားမှု အခွင့်အလမ်းများ ပိုမိုများပြားသော မြို့ကြီး များသို့ သွားရောက်သင်ကြားကြပြီး စာမေးပွဲဖြေဆိုသောအခါ နယ်ဒေသများသို့ သွားရောက် ဖြေဆိုကြသော စနစ်တစ်ခုပေါ်ပေါက်လာသည်ကိုလည်း တွေ့ရှိလာရပါသည်။ ဤသို့အားဖြင့် အခြေခံပညာ အထက်တန်း(ဒသမတန်း)တွင် မလိုလားအပ်သော ကွဲပြားမှုများ ဖြစ်ပေါ်လာ သည်ကို တွေ့ရှိရပါသည်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ အခြေခံပညာအထက်တန်း ကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ ဟူ၍ ဘာသာတွဲ ခွဲခြားခြင်းမပြုဘဲ အားလုံးကို တပြေးညီသင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း(ဒသမတန်း) အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်အလိုက် ခွဲခြား၍ စစ်ဆေး မေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်း ခြင်းပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို လေးစားစွာ တင်သွင်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အချိန်၊ ၁၃း၃၄။

ဒုတိယဥက္ကဋ္ဌ။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

အချိန်၊ ၁၃း၃၄။

ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ရဲ့အဆိုကို လွှတ်တော်မှ ဆွေးနွေးနိုင်ရန်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ကျွန်တော် ဦးစတီဗင်သာဘိတ် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၃း၃၄။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးအုန်းတင်တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အခြေခံ ပညာအထက်တန်းကျောင်းများတွင် ကျောင်းသားများအား ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲဟူ၍ ဘာသာခွဲခြားခြင်း မပြုဘဲ အားလုံးကို တပြေးညီ သင်ကြားပို့ချပေးရန်နှင့် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)အတွက် စာမေးပွဲမေးခွန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြား၍ စစ်ဆေး မေးမြန်းခြင်းမပြုဘဲ တစ်နိုင်ငံလုံး၌ မေးခွန်းတစ်မျိုးတည်းဖြင့် စစ်ဆေးမေးမြန်းခြင်းပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ ရှိပါသည်။]

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဦးအုန်းတင်တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

ဒီလို ဆန္ဒရယူရာမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ။ ဟုတ်တယ်ပေါ့နော်။ ဟုတ်ကဲ့။ ထိုင်နိုင်ပါပြီ။

ဒါကြောင့် လက်ခံဆွေးနွေးရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိတဲ့ အတွက် ဒီအဆိုကို ကျွန်တော်တို့ လက်ခံဆွေးနွေးကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၃း၃၇။

ဒုတိယဥက္ကဋ္ဌ။ ။ ဦးအုန်းတင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါမှာ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၃း၃၈။

ဒုတိယဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၃း၃၈။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစည်းအဝေးကို ၁၃း၃၈ နာရီအချိန်တွင် ရပ်နားပါသည်။]